(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ပထွက်ခွာသူဦးရေ လျော့နည်းသွားပါ သဖြင့် သာမန်နိုင်ငံကူးလက်မှတ် ရောင်းရငွေနှင့် ဒဏ်ကြေးရငွေများ လျော့ နည်းရရှိခဲ့ခြင်း၊ မီးဘေးလုံခြုံရေးအတွက် အထပ်မြင့် အဆောက်အဦများ စစ်ဆေးခရငွေများမှ လျော့နည်းရရှိခြင်း၊ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** တွင် ဆိုင်ခန်းငှားရမ်းခ၊ ပန်းချီပြခန်းငှားရမ်းခ၊ အမျိုးသားပြဇာတ်ရုံ (မန္တလေး) ငှားရမ်းခ၊ တယ်လီနောတာဝါတိုင် မြေနေရာ ငှားရမ်းခ၊ အဆောင်လခနှင့် အိမ် လခရငွေများ လျော့နည်းရရှိခြင်း၊ COVID-19 ကြောင့် ဇုန်ဝင်ကြေးနှင့် ပြတိုက် ဝင်ကြေးများ လျော့နည်းရရှိခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** တွင် COVID-19 ကပ်ရောဂါကြောင့် အပြည်ပြည်ဆိုင်ရာလေယာဉ်များ မြန်မာ ပြည်နယ်နိမိတ်အပေါ် ဖြတ်ကျော်ပျံသန်းမှုများနှင့် ငှားရမ်းခရငွေများ လျော့ နည်းရရှိခြင်း၊ မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ အသစ်ပြုလုပ်ခြင်း၊ နှစ်လဲမှတ်ပုံတင်ခြင်းလုပ်ငန်းများအား ရပ်ဆိုင်းထားခဲ့ရခြင်းကြောင့် လျော့ နည်းခြင်း၊ မိုဘိုင်းအော်ပရေတာများနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးလျက် ရှိသည့် ကုမ္ပဏီများအား 700 MHz ချထားပေးရန် လျာထားခဲ့သော်လည်း 700 MHz လှိုင်းနှုန်းစဉ်နှင့် ချိတ်ဆက်အသုံးပြုမည့် ရေဒီယိုဆက်သွယ်ရေး ပစ္စည်းများ ပြည်ပမှတင်ပို့ရာတွင် အခက်အခဲရှိခြင်း၊ 700 MHz လှိုင်းနှုန်းစဉ်ကို လေလံစနစ်ဖြင့် သတ်မှတ်နိုင်ရေးအတွက် Consultant ခေါ်ယူနိုင်ခြင်း မရှိခြင်း တို့ကြောင့် 700 MHz လှိုင်းနှုန်းကို ချထားနိုင်မှုမရှိခြင်း၊ 700 MHZ Spectrum Fee အတွက် အမေရိကန် ဒေါ်လာ ၁၀၀ သန်း အနက်မှ တစ်စိတ်တစ်ပိုင်း ရရှိရန် လျာထားခဲ့သော်လည်း ရရှိနိုင်မှု မရှိခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများမှ ပေးဆောင်ရမည့် အခကြေးငွေများအား

သတ်မှတ်ရက်အတိုင်း ပေးသွင်းနိုင်မှုမရှိသည့် နှောင့်နှေးကြေး (ဒဏ်ကြေး) ငွေများလျော့နည်းရရှိခြင်း၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**တွင် စတုတ္ထ(၃)လပတ်တွင် နယ်စပ်ဖြတ်သန်းခရငွေ၏ ၁၀% အား စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်နယ်အစိုးရသို့ နုတ်-၅၀ ပြန်အမ်းငွေများ လွှဲပြောင်းပေးချေခဲ့ခြင်း၊ COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများအား ပြည်ဝင်ဗီဇာထုတ်ပေးမှု ယာယီရပ်ဆိုင်းခြင်းကြောင့် သံရုံးဗီဇာ၊ e-visaနှင့် ဆိုက်ရောက်ဗီဇာခများ ကောက်ခံရရှိမှု မရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် COVID-19 ရောဂါ ဖြစ်ပွားနေခြင်းကြောင့် တက္ကသိုလ်များ ဖွင့်လှစ်နိုင်မှုမရှိသဖြင့် ကျောင်းလခများ လျော့နည်းရရှိခြင်း၊ EU Budget Support ဖြင့် Indicator များအလိုက် ဆောင်ရွက်သည့် လုပ်ငန်းများမှာ နှောင့်နှေးမှုများရှိခြင်းနှင့် World Bank နှင့် UNICEF တို့၏ အကူအညီဖြင့် ဆောင်ရွက်ရန် လျာထားခဲ့သည့် ပညာပေးသင်တန်း ဆွေးနွေးပွဲများ ကျင်းပနိုင်မှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်ထောက်ပံ့ငွေမှရငွေနှင့် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** တွင် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်များရှိ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းများ တွင် COVID-19 ရောဂါကာလ ဖြစ်သဖြင့် သင်တန်းများ ရပ်ဆိုင်းထားရခြင်း၊ UNICEF မှ ထောက်ပံ့ငွေကို စတုတ္ထ(၃)လပတ်တွင် လျာထားသော်လည်း တတိယ(၃)လပတ်တွင် ရရှိခဲ့ခြင်း၊ ပြည်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှု လျော့နည်းခြင်း၊ **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန** တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များနှင့် နိုင်ငံပိုင်ဟိုတယ်များအား အငှားချထားခြင်းခံရသူများကို COVID-19 ရောဂါကြောင့် ကြုံတွေ့ရသော အခက်အခဲများ လျော့ပါးစေရန် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ဌာနသို့ ပေးသွင်းရမည့် မြေငှားရမ်းခနှင့် ဟိုတယ်ငှားရမ်းခများအား (၆)လ ရွှေ့ဆိုင်းပေးသွင်းခွင့်ပြုခဲ့ခြင်း၊ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** တွင် COVID-19 ကပ်ရောဂါ ဖြစ်ပွားခြင်းကြောင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အားပိတ်ထားရခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** **ကာကွယ်ရေးဝန်ကြီးဌာန**တွင် ထောက်ပံ့ရေးပစ္စည်းများ၌ ရိက္ခာစရိတ်များ၊ တိရစ္ဆာန်ရိက္ခာများ၊ ဆေးပစ္စည်းများ၊ တိရစ္ဆာန်

ဆေးကုပစ္စည်းများ ပိုမိုသုံးစွဲခဲ့ရခြင်း၊ **နယ်စပ်ရေးရာဝန်ကြီးဌာန**တွင် Computer နှင့် Air-con များ ပိုမိုပြင်ဆင်ခဲ့ခြင်း၊ စုပေါင်းအစည်းအဝေးခန်းမ၌ VIP ထမင်းစားခန်း၊ ရုံးအဆောက်အဦ၊ သိုလှောင်ရုံ၊ ညှိနှိုင်းပိုသာနှင့် အေပရွန် မြောင်းဖုံးပြုပြင်ခြင်း၊ ကြိုးတံတားအဆင့်မြှင့်တင်ခြင်း၊ ကျောက်လမ်းခင်းခြင်း၊ ကျောက်စီမြေထိန်းနံရံနှင့် အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ ရေတွင်းတူးဖော်ခြင်း၊ ခွဲတမ်းအရ ထပ်မံရရှိသည့် မော်တော်ယာဉ် (၁၂)စီး၏ ကနဦးပြင်ဆင်စရိတ် ထုတ်ယူသုံးစွဲခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပြင်ဆင်ခဲ့ခြင်း၊ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန** တွင် ရပ်ကွက်/ ကျေးရွာအုပ်စု စာရေးများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ပြင်ပကွန်ပျူတာ ကျွမ်းကျင်သူများအား ငှားရမ်းခ ပေးချေရခြင်း၊ COVID-19 ကာလအတွင်း ဆက်စပ်ပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးခြင်းနှင့် အခွန်အယူခံခုံအဖွဲ့ရုံးမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ (၃၈/၂၀၂၀)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** တွင် လယ်ယာဝန်ဆောင်မှု လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နေ့တွက်စရိတ်များ ပိုမိုသုံးစွဲခဲ့ခြင်း၊ COVID-19 Economic Relief Plan-CERP's တွင် ပါဝင်သော Action Plan များနှင့် ကိုက်ညီသည့် လိုအပ်သော လုပ်ငန်းများအတွက် GRF မှ အသုံးစရိတ်များ တောင်းခံသုံးစွဲခဲ့ခြင်း၊ CERP's တွင် ပါဝင်သော Action Plan များနှင့် ကိုက်ညီသည့် သင်တန်းများအား ဖွင့်လှစ်ရန်အတွက် GRF မှ အသုံးစရိတ်များတောင်းခံသုံးစွဲခဲ့ခြင်း၊ စက်ကိရိယာ၊ အဆောက်အဦနှင့် မော်တော်ယာဉ် ပြင်ဆင်ထိန်းသိမ်းစရိတ်များ လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ခြင်း၊ လုပ်ငန်း လိုအပ်ချက်အရ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွေးမွေးခဲ့ရခြင်း ၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် CERP တွင် ပါဝင်သော Action Plan အရ ဆောင်ရွက်လျက်ရှိသော အရေးပေါ်ရိက္ခာဆန်ဝယ်ခြင်းတွင် မဖြစ်မနေသုံးစွဲရမည့် ဆန်အရည်အသွေး စစ်ဆေးခများ၊ ဆန်များပျက်စီးမှု မရှိစေရေးပိုင်ပုံပြုပြင်ခြင်းနှင့် ပိုးသတ်ခြင်းများအတွက် လုပ်သားခများ၊ ဆန် ပိုင်ပုံများကိုထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ရန် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းတို့အတွက် GRF မှ သုံးစွဲခဲ့ခြင်း၊ မြဝတီကုန်သွယ်ရေး ဇုန်သွင်းကုန်ယာဉ် စစ်ကွင်းအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြင်ဆင်ထိန်းသိမ်း

စရိတ်များ ပိုမိုခဲ့ခြင်း၊ ၂၀၁၉ ခုနှစ် နှင့် ၂၀၂၀ ပြည့်နှစ်အတွက် GSTP နှစ်စဉ်ကြေး နှင့် ၂၀၂၀ ပြည့်နှစ်အတွက် WTO နှစ်စဉ်ကြေးအား စတုတ္ထ (၃) လပတ်တွင် တောင်းခံခဲ့ခြင်း၊ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင်** COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကပါဝင်ထိတွေ့ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအတွက် Special Allowance ထုတ်ပေးခဲ့ရခြင်း၊ စတုတ္ထ(၃)လပတ် လျာထားချက်တွင် ပါဝင်ခြင်းမရှိသော CERP Plan အသုံးစရိတ်များအတွက် ပိုမိုခြင်းနှင့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော ICU ခန်းများထပ်မံပြင်ဆင်ဆောင်ရွက်ရသောကြောင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ကုသရေးစမ်းသပ်စရိတ်အတွက် လုပ်ငန်းသုံးပစ္စည်းများ၊ စက်ကိရိယာတန်ဆာပလာပစ္စည်းများ၊ လမ်းများနှင့် မော်တော်ယဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အားကစားကွင်း/ အားကစားရုံများ ပြင်ဆင်ခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** တွင် အခွန်အမှတ်တံဆိပ် တံဆိပ်ခေါင်းများ သုံးလပတ်အလိုက် ထုတ်ယူခဲ့ခြင်း၊ ရုံးအသုံး အဆောင်ပစ္စည်းများလအလိုက် သုံးစွဲနိုင်ခြင်း၊ အခွန်အခ၊ တံဆိပ်ခေါင်း၊ ကြေးနန်းနှင့် တယ်လီဖုန်းဘေလ်များ၊ လျှပ်စစ်ဓာတ်အားခ ပြေစာများ၊ တံဆိပ်ခေါင်း/ အခွန်အမှတ်တံဆိပ်များ၊ အောင်ဘာလေသိန်းထီလက်မှတ် ပုံနှိပ်ခများ ပေးချေခဲ့ခြင်း၊ အခွန်ဝေစုများကို တိုင်းဒေသကြီး/ ပြည်နယ်များ၏ အမှန်ကောက်ခံရရှိငွေပေါ် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တွက်ချက်ပေးချေရခြင်း၊ COVID-19 ကပ်ရောဂါကြောင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများသို့ ထောက်ပံ့ရခြင်း၊ COVID-19 စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက် (CERP) လုပ်ငန်းစဉ်အရ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ခြင်းတို့အတွက် "အထွေထွေပိုလျှံရန်ပုံငွေ" (GRF) မှ တောင်းခံသုံးစွဲထားခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီး ဌာန** တွင် COVID-19 ရောဂါ ကာကွယ်ရန်အတွက် ပိုးသတ်ဆေးဗူးများ၊ လက်ဆေးဆပ်ပြာများ၊ လက်သန့်ဆေးဗူးများ၊ Face Shield များ၊ လက်အိတ်များ၊ Mask များ ဝယ်ယူခဲ့ခြင်း၊ တံတားတိုးဂိတ်အတွက် နေ့စားလုပ်ခများ ပေးချေခြင်းနှင့် စက်ကိရိယာများ၊ မော်တော်ယာဉ်နှင့် ဌာနပိုင် အဆောက်အဦများ ပြင်ဆင်ရခြင်း၊ လမ်းလုပ်ငန်းများဆောင်ရွက်ရာ၌ ပစ္စည်းများတင်ဒါခေါ်ယူခြင်းနှင့် စာချုပ်ချုပ်

ဆိုခြင်းများ ဆောင်ရွက်ပြီးစီး၍ အသုံးစရိတ်များသုံးစွဲနိုင်ခြင်း၊ တံတားပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရခြင်း၊ လွှတ်တော် နှင့် အိမ်တော် အဆောက်အဦများ၏ အတွင်းအပြင် မြို့ပြ၊ ရေသန့်၊ လျှပ်စစ် ဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ မြေယာရှင်း ထိန်းသိမ်းခြင်း လုပ်ငန်း များ ဆောင်ရွက်ခြင်း၊ ပြင်ထိန်းလုပ်ငန်းများအတွက် အပြီးသတ် ငွေထုတ်ယူ ခြင်းနှင့် မွမ်းမံသင်တန်းများအတွက် သင်တန်းစရိတ်များကို စတုတ္ထ(၃)လပတ် တွင် ပေးချေရခြင်း၊ **လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန** တွင် ဌာနငယ်သင်တန်းကျောင်းများအတွက် ဝန်ထမ်းသစ်များ ခန့်အပ်ခြင်း၊ ရာထူးတိုးခြင်း၊ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ခရီးထွက် ဆောင်ရွက်ရခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသောဒေသများသို့ အများဆုံး သွားရောက် ဆောင်ရွက် ခြင်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ ပိုမိုဝယ်ယူခြင်း၊ အဆောက်အဦ၊ လမ်း၊ မော်တော်ယာဉ်နှင့် စက်ပစ္စည်းများအား စတုတ္ထ(၃)လ ပတ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ CERP Actions Plan အရ အထွေထွေပိုလျှံရန်ပုံငွေမှ အဆောက်အဦ ပြင်ဆင်သည့် အသုံးစရိတ်များ သုံးစွဲခြင်း၊ CERP Plan အရ သက်ကြီးရွယ်အိုများအား မူလ ဦးရေထက် ပိုမိုထောက်ပံ့ရခြင်းနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ် များအား ပိုမိုထောက်ပံ့ခြင်း၊ အချိန်ပိုဆင်းကျွေးမွေးစရိတ်များ ပိုမိုသုံးစွဲခြင်း၊ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု အခြေအနေများအရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ IDP စခန်းများနှင့် Facility Quarantine Center များတွင် COVID-19 ကူးစက်ရောဂါ ကာကွယ်ရေး၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာအသုံးစရိတ်များ သုံးစွဲခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၄) **သာမန်သုံးငွေလျှော့နည်းသုံးစွဲမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင် လစာစရိတ်၊ ချီးမြှင့်ငွေခေါင်းစဉ်တွင် COVID-19 ကာလအတွင်း ဝန်ထမ်းသစ်များ မခန့်အပ် နိုင်ခြင်း၊ ခရီးစရိတ်ခေါင်းစဉ်တွင် အစည်းအဝေးများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကျင်းပစေခြင်းကြောင့် ခရီးသွားလာမှုမရှိ ခြင်း၊ ဝန်ထမ်းအပြောင်းအရွှေ့မရှိခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်း၊ ကုန်ကျ စရိတ်နှင့်လုပ်အားခခေါင်းစဉ်တွင် COVID ကာလအတွင်း ကညနရုံး

များ ပိတ်ထားပါသဖြင့် လုပ်ငန်းသုံးမော်တော်ယာဉ်များလိုင်စင် သက်တမ်းတိုး ဆောင်ရွက်နိုင်ခြင်း မရှိခြင်း၊ Electronic System (MMRS) စနစ်ဖြင့်သာ ပေးပို့ပြီး သံတမန်ချောအိတ်များ ပေးပို့ခြင်းအား ရပ်နားထားခြင်း၊ ဧည့်ခံကျွေးမွေး စရိတ်ခေါင်းစဉ်တွင် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ အား Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကျင်းပစေခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန** တွင် ဝန်ထမ်းသစ်များ ခေါ်ယူနိုင်မှု မရှိခြင်း၊ COVID-19 ကာလဖြစ်သောကြောင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားလာမှု လျော့နည်းခြင်း၊ NRPC (ရန်ကုန်) ရှိ ရုံးသုံးစက်ကိရိယာ ပြင်ဆင်စရိတ်အား နိုင်ငံခြားအထောက်အပံ့ဖြင့် ကျခံပေးချေခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် သင်တန်းတက်ရောက်သည့် သင်တန်းသားများ၏ အသုံးစရိတ်များနှင့် အလှူဒါနပြုလုပ်ခြင်း အသုံးစရိတ်မှာ ခန့်မှန်းသည်ထက် လျော့နည်းခြင်းနှင့် COVID-19 ကာလဖြစ်၍ ပြည်ပဧည့်သည်များ လာရောက်မှုနည်းပါးခြင်းကြောင့် ဧည့်ခံစရိတ်များ ခန့်မှန်းထားသည်ထက် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** တွင် ဝန်ထမ်းများ လျာထားချက် ပြည့်မီအောင် ခန့်ထားနိုင်မှုမရှိခြင်း၊ COVID-19 ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုနည်းပါးခြင်း၊ အရေးပေါ်ရန်ပုံငွေအား သုံးစွဲနိုင်မှုမရှိခြင်း၊ Debt Service Suspension Initiative (DSSI) အစီအစဉ်အရ ဩစတြီးယားချေးငွေ၊ အင်္ဂလန်ချေးငွေ၊ ဂျာမနီချေးငွေ၊ ဂျပန်နိုင်ငံ (ODA) ချေးငွေ၊ တရုတ်ချေးငွေနှင့် EXIM Bank of China ချေးငွေဖြင့် ဆောင်ရွက်သည့် သောက်ရေခပ် (၂)၊ ဘီလူးချောင်း (၃)၊ သူဌေး၊ အထက်ကျိုင်းတောင်းနှင့် အထက်ရဲရွာ ရေအား လျှပ်စစ်စီမံကိန်းတို့အတွက် ဆိုင်းငံ့ကာလ (၁)နှစ်၊ ပြန်ဆပ်ကာလ (၃)နှစ် ဖြင့် အချိန်ကာလပြောင်းရွှေ့၍ ပေးဆပ်ရမည်ဖြစ်ခြင်းကြောင့် အတိုးပေးငွေ ပြန်လည်ပေးဆပ်ခြင်း မရှိခြင်း၊ **ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန** တွင် ဝန်ထမ်းများ လုပ်သက်ခွင့်နှင့် ပင်စင်ခံစားခြင်း၊ ဦးစီးအရာရှိ (၁၃) ဦးကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း၌သာ ခန့်အပ်နိုင်ခဲ့ခြင်း၊ COVID-19 ရောဂါကြောင့် ဝန်ထမ်းများ ပြည်တွင်းခရီးသွားရောက်မှု နည်းပါးခြင်း၊ ပြည်ပခရီးသွားပြပွဲများ၊ သင်တန်းများ၊ အစည်းအဝေးဆွေးနွေးပွဲများ ရပ်ဆိုင်းထားရခြင်း၊ ADB (ပြည်ပအကူအညီရငွေမှ) နိုင်ငံခြားသားအတိုင်ပင်ခံစရိတ်များ ပေးချေခဲ့ရခြင်းတို့ကို ဆောင်ရွက်ခဲ့သော်လည်း COVID-19 ကြောင့် အပြည်ပြည်ဆိုင်ရာ ခရီး

သွားလုပ်ငန်းနေ့ မကျင်းပနိုင်ခြင်း၊ GMS အစည်းအဝေးများ လက်ခံကျင်းပနိုင်မှု မရှိခြင်း၊ ဓာတ်ဆီဈေးနှုန်းများ ကျဆင်းခြင်း၊ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန** တွင် ဝန်ထမ်းများ အလုပ်မှနုတ်ထွက်ခြင်း၊ ရုံးသုံးစာရေးကိရိယာ၊ ရုံး အသုံးအဆောင်ပစ္စည်းများ ဝယ်ယူရာတွင် အသုံးစရိတ်များကို စိစစ်သုံးစွဲခြင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ အခြေခံအချက် များ စစ်တမ်းကောက်ယူနိုင်မှု မရှိခြင်း၊စက်သုံးဆီဈေးနှုန်းများလျော့နည်းခြင်း နှင့် COVID-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် ခရီးသွားလာမှုများ ကန့်သတ်ထား ခြင်း၊ သင်တန်းများ ဖွင့်လှစ်နိုင်မှုမရှိခြင်း၊ အခြားသင်တန်းများသို့ စေလွှတ် နိုင်မှုမရှိခြင်း၊ နိုင်ငံခြားသားဧည့်သည်များ၊ ဌာနဆိုင်ရာ ဧည့်သည်များနှင့် ပြုလုပ်သော အစည်းအဝေးပွဲများ ပြုလုပ်နိုင်မှုမရှိခြင်း တို့ကြောင့် လျော့နည်း ရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံး ငွေရင်း ရငွေပိုင်းတွင် စတုတ္ထ (၃) လပတ်လျာထားချက် ကျပ် ၁၈၈,၆၇၆.၅၆၈ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၂၃,၂၅၄.၂၁၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၅.၃၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၂,၂၃၈,၁၃၃.၇၃၁ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၆၂၂,၁၆၇.၅၈၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၇.၁၆ ဖြစ်ပါသည်။ ငွေလုံး ငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** တွင် အမျိုးသားပြဇာတ်ရုံ (ရန်ကုန်) မွမ်းမံပြင်ဆင်ခြင်းအတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ နည်းပညာနှင့် ပစ္စည်းအကူအညီရရှိခြင်းနှင့် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း ASEAN Socio- Cultural Community (ASCC) Blue Print 2025 နှစ်လည် အကဲဖြတ်မှု အစီရင်ခံစာကို မြန်မာနိုင်ငံအတွက် ရေးသားပြုစုနိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ထောက်ပံ့ပေးခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** တွင် UK နိုင်ငံ၊ DFID အဖွဲ့အစည်း ရန်ပုံငွေထောက်ပံ့မှုဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရန်နှင့် ဆွစ်ဇာလန်နိုင်ငံ အစိုးရ အထောက်အပံ့ဖြင့် စီးပွားရေးချိတ်ဆက်မှုများတိုးတက်စေရန် ဥယျာဉ်ခြံ စိုက်ပျိုး

ထောက်ပံ့နိုင်မှု စွမ်းရည်နှင့် ခရီးသွားဆက်စပ်လုပ်ငန်းများအား အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ပြည်ပအကူအညီရငွေများအား စတုတ္ထ(၃)လပတ်တွင် ပေးပို့လာခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန** တွင် ရန်ကုန်တိုင်းဒေသကြီး Drug Rehabilitation Training Center တည်ဆောက်ရန်နှင့် ရှုံးသုံးစက်ကိရိယာ၊ ရှုံးသုံးပရိဘောဂများ ဝယ်ယူရန် Open Society Myanmar Foundation က လှူဒါန်း ထောက်ပံ့ငွေများ ပိုမိုခြင်းတို့ကြောင့် ပိုမိုရရှိခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန** တွင် စက်ပစ္စည်းဟောင်းများ ရောင်းချရငွေများ လျော့နည်း ရရှိခြင်း၊ Fostering Agriculture Revitalization Project in Myanmar (FARM Project) နှင့် Eastern States Agribusiness Project (ESAP Project) အတွက် International Fund for Agricultural Development (IFAD) မှ ထောက်ပံ့ငွေများနှင့် မြန်မာနိုင်ငံမျိုးစေ့ဘဏ်၏ Upgrading Database System on Seed Bank Management စီမံကိန်းအတွက် နော်ဝေနိုင်ငံ (GCDT) မှ ထောက်ပံ့ငွေများ လျော့နည်းရရှိခြင်း၊ COVID-19 ကပ်ရောဂါကြောင့် Global Agriculture and Food Security Program (GAFSP) မှ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် Climate Friendly Agribusiness Value Chain Sector (CFAVC Project) လုပ်ငန်းများနှင့် မဲခေါင်-လန်ချန်း အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် Training Course on Food Processing စီမံကိန်း လုပ်ငန်းများ ရပ်နားထားရခြင်း၊ ပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့ငွေများနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် COVID-19 ကြောင့် အဆိုပါလုပ်ငန်းများအား အပြည့်အဝ အကောင်အထည်ဖော်နိုင်မှု မရှိခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** တွင် JICA အကူအညီရငွေဖြင့် ဆောင်ရွက်ရန် လျာထားသည့် မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းတွင် ကုန်းမြေ ပိုင်ဆိုင်မှုအတွက် ဆောင်ရွက်ဆဲဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများ မစတင်နိုင်သေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကူအညီဖြင့် ဆောင်ရွက်ရန် လျာထားသည့် ဝမ်ပုံဆိပ်ကမ်း ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု စီမံကိန်းမှ ခရီးစရိတ်နှင့် အထွေထွေအသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်း၊ မဲခေါင်-လန်ချန်း (Installation of Automatic Water Level and Rainfall Monitoring System

in Border Areas of Myanmar on Mekong River for Flood Early Warning System (Survey) လုပ်ငန်းများ ဆောင်ရွက်ရာတွင် COVID-19 ကပ်ရောဂါကြောင့် ခရီးသွားလာမှုလျော့နည်းသဖြင့် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များ လျော့နည်းသုံးစွဲခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေအား စာရင်းတင် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** တွင် GAVI အထောက်ပံ့ဖြင့် ဆောင်ရွက်မည့် အချို့ပစ္စည်းများ မရရှိခဲ့ခြင်း၊ သက်ဆိုင်ရာ စီမံချက်များမှ လုပ်ငန်းစတင်နိုင်မှု မရှိခြင်း၊ Bill များ ရောက်ရှိလာမှု မရှိခြင်းတို့ကြောင့် အမှန်စာရင်းတင် ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် ဆေးရုံများ အဆင့်မြှင့်တင်ခြင်း စီမံချက် (JICA) မှ ထားဝယ်ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ခြင်း စီမံချက်အတွက် ရန်ပုံငွေလျာထား ဆောင်ရွက်ခဲ့သော်လည်း အဆိုပါ စီမံချက်မှာ ထိုင်းနိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ပြီးမှသာ JICA မှ ဆက်လက် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ထိုင်းနိုင်ငံမှစတင်နိုင်ခြင်းမရှိ၍ လျာထားငွေ အရ/ အသုံး စာရင်းတင်နိုင်မှု မရှိခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** တွင် Additional Audit Advisor(၁)ဦး၊ International Legal Advisor (၁)ဦး ငှားရမ်းရန်နှင့် ITAS Software၊ Mini Data Center အတွက် လိုအပ်သော Hardware နှင့် Software၊ Network Operation Center တို့ဝယ်ယူရန် လျာထားခဲ့သော်လည်း COVID-19 ကပ်ရောဂါကြောင့် ငှားရမ်းရေးလုပ်ငန်း များ သတ်မှတ်ကာလအတွင်း မဆောင်ရွက်နိုင်ခြင်းနှင့် ITAS Software ဝယ်ယူရေးလုပ်ငန်းစဉ်မှာလည်း နှောင့်နှေးခဲ့ရခြင်း၊ ငှားရမ်းထားသော စာရင်းစစ်အကြံပေးများအား Remote Assistant ဖြင့်သာ ဆောင်ရွက် နိုင်ခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေများ လျော့နည်းခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံးမှ မြေနှင့် အဆောက်အဦ ရောင်းချရငွေများအား တင်ဒါစည်းကမ်းအရ နိုင်ငံတော်သို့ ပေးသွင်းငွေများသည် တတိယ (၃)လပတ်တွင် ပိုမိုရရှိခဲ့ခြင်း၊ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် စက်မှုသင်တန်းကျောင်း (ဆင်တဲ၊ မုံရွာ၊ သထုံ၊ ပခုက္ကူ၊ မြင်းခြံ) တို့အတွက် ပေးပို့ရန် ကျန်ရှိသော စက်နှင့် စက်ပစ္စည်းများမှာ COVID-19 ကပ်ရောဂါကြောင့် အချိန်မီမပို့နိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးများ ခက်ခဲခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန** တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကူအညီဖြင့် ဆောင်ရွက်သော ကွမ်းလုံတံတားတည်ဆောက်ရေးစီမံကိန်းမှာ COVID-19 ကြောင့် တရုတ်နိုင်ငံ

သားများ ဝင်ရောက်မှု ကန့်သတ်ထားရှိခြင်းနှင့် မိုးရာသီကာလ သံလွင်မြစ်ရေ မြင့်တက်လာသည့် အချိန်ကာလဖြစ်ခြင်းတို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် China AID မှ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျေးလက်လမ်းတံတား တည်ဆောက်ရေး လုပ်ငန်းများအတွက် ထောက်ပံ့ပေးနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** **ပြည်ထဲရေးဝန်ကြီးဌာန**တွင် ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်ပစ္စည်း ဝယ်ယူမှုလုပ်ငန်းများတွင် တင်ဒါခေါ်ယူ၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆိုပြီး တင်ဒါစည်းကမ်းအရ လုပ်ငန်းများရာခိုင်နှုန်းအလိုက် ပြီးစီးမှ ငွေပေးချေရခြင်း၊ **ကာကွယ်ရေးဝန်ကြီးဌာန** တွင် ဒုတိယ(၃)လပတ်တွင် e-government ဆိုင်ရာ ပစ္စည်းတန်ဖိုးများအား အပြီးပေးချေရန် လျာထားခဲ့သော်လည်း စတုတ္ထ (၃)လပတ်မှသာ ပေးချေဖြစ်ခဲ့ခြင်းနှင့် ပထမ (၆) လပတ်အတွင်း မပြီးပြတ်သေးသည့် အဆောက်အဦ လုပ်ငန်းများ၊ ရေတပ်ပစ္စည်း၊ လေတပ်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းတို့၏ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များအား ဒုတိယ(၆)လပတ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ခဲ့ရခြင်း၊ **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန** တွင် ရုံးသုံးစက်ကိရိယာတွင် e-government လုပ်ငန်း အသုံးစရိတ်အား စတုတ္ထ (၃)လပတ်မှသာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း၊ **ပြန်ကြားရေးဝန်ကြီးဌာန**တွင် ကယားပြည်နယ် မော်ချီးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ခဲ့ခြင်း၊ ဟိုပန်ခရိုင်ရုံး၊ သံတွဲခရိုင်ရုံး နှင့် ဆမီးမြို့နယ်ရုံး ဆောက်လုပ်ခြင်းအတွက် လုပ်ငန်း၏(၂၅%)အား ဘဏ္ဍာရေးနှစ်လွန် သုံးစွဲမည်ဖြစ်ပါသဖြင့် ယာယီစာရင်းသို့ စာရင်းပြောင်းရွှေ့ခြင်း၊ DVB-$T_2$ စက်များ၊ TV Spare Parts ပစ္စည်းများ၊ FM Spare Parts ပစ္စည်းများအတွက် ငွေပေးချေခဲ့ခြင်းနှင့် မော်တော်ယာဉ်အကြီးစား ပြင်ဆင်ခြင်းတို့ကို စတုတ္ထ(၃)လပတ်အတွင်းမှ ဆောင်ရွက်ခဲ့ခြင်း၊ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန** တွင် အခွန်အယူခံခုံအဖွဲ့ရုံးမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်သို့ (၁၈/၂၀၂၀) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အသုံးစရိတ်များအား လျာထားချက် မရှိသော်လည်း ပေးချေခဲ့ရခြင်း၊ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ခေတ္တရပ်နားထားရပြီး စတုတ္ထ(၃)လပတ်အတွင်းမှသာ လုပ်ငန်း

များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အမျိုးသားပြဇာတ်ရုံ (ရန်ကုန်) မွမ်းမံပြင်ဆင်ခြင်းစီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နည်းပညာနှင့် ပစ္စည်းအကူအညီ ရရှိခဲ့ခြင်းကြောင့် ယင်းရငွေနှင့် ဆက်စပ်သည့် အသုံးစရိတ်များ၊ မော်ကွန်းရုပ်ရှင်ရိုက်ကူးခြင်းအတွက် Outdoor & Indoor ရိုက်ကွင်းဖန်တီးခြင်းလုပ်ငန်းများ၏ Post Production ကာလ ကွန်ပျူတာနည်းပညာအထူးပြုလုပ်ချက် အသုံးစရိတ်များ၊ အမျိုးသား စာကြည့်တိုက် (နေပြည်တော်) နှင့် (ရန်ကုန်) ချိတ်ဆက်ခြင်းနှင့် ဝန်ဆောင်မှု အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအသုံးစရိတ်များ၊ မော်တော်ယာဉ် အကြီးစားပြင်ဆင်ခြင်း အသုံးစရိတ်များကို သုံးစွဲခဲ့ခြင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**တွင် World Bank Loan ဖြင့် ဆောင်ရွက် လျက်ရှိသည့် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (ADSP) အား တတိယ(၃)လပတ်တွင် ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း အဆိုပါစီမံကိန်းအား COVID-19 ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရပြီး စတုတ္ထ(၃) လပတ်မှသာ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် တတိယ(၃)လပတ်တွင် လျာထားခဲ့သော်လည်း တင်ဒါခေါ်ယူနေဆဲ ဖြစ်ခြင်းနှင့် ဆောင်ရွက်မှုလုပ်ငန်းစဉ် အဆင့်ဆင့်လုပ်ဆောင်နေရခြင်းတို့ကြောင့် စတုတ္ထ(၃)လပတ်မှသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ တက္ကသိုလ်တွင် အသုံးပြုရန် Website အဆင့် မြှင့်တင်ခြင်း၊ အမျိုးသားလျှပ်စစ်စွမ်းအင်စီမံကိန်း (NEP) လုပ်ငန်းများအတွက် စာချုပ်ပါ စည်းကမ်းအရ လုပ်ငန်းပြီးစီးမှသာ ငွေပေးချေရခြင်း၊ ကျေးလက်ရေပေးရေး လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရပြီး လုပ်ငန်းပြီးစီးမှုအရ အရစ်လိုက် ပေးချေရခြင်း၊ COVID-19 ကပ်ရောဂါကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေလျော့ပါးမှုကို ကုစားနိုင်ရေးအတွက် Cash For Work (CFW) နှင့် Village Revolving Fund (VRFP) စီမံကိန်း အသုံးစရိတ်များအား သုံးစွဲခဲ့ခြင်း၊ မော်တော်ယာဉ် အကြီးစားပြင်ဆင်ရန် စတုတ္ထ(၃) လပတ်မှသာ စက်ပစ္စည်း ကြီးကြပ်မှု ကော်မတီ၏ ခွင့်ပြုချက် ရရှိသဖြင့် သုံးစွဲခဲ့ခြင်း၊ CERP's တွင် ပါဝင်သော Action Plan များနှင့် ကိုက်ညီသည့် သင်တန်းများအတွက် စက်ပစ္စည်းများ ဝယ်ယူသုံးစွဲခဲ့ခြင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** တွင် သင်တန်းကျောင်းနှင့် အဆောင်၊

ဝန်ထမ်းနေအိမ်၊ ရေရရှိရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို စတုတ္ထ(၃)လပတ်အတွင်းမှသာ ခွင့်ပြုထုတ်ပေးနိုင်ခြင်းကြောင့် ပိုမိုရခြင်း၊ စီမံကိန်းသစ်အတွက် စက်ပစ္စည်းဝယ်ယူခြင်း၊ ဂြိုလ်တုဓာတ်ပုံ (Satellite Image) များ အတွက် ငွေပေးချေရခြင်းနှင့် စိုက်ခင်းများ တည်ထောင်ခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် ယခင်(၃)လပတ် အလိုက် သုံးစွဲရန် လျာထားခဲ့သော လုပ်ငန်းနှင့်ပစ္စည်းအချို့မှာ စတုတ္ထ(၃)လပတ် ကာလမှသာ ဌာနသို့ ပစ္စည်းများပေးသွင်းလာခြင်း၊ တည်ဆောက်ရေးလုပ်ငန်း များမှာ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအရ ငွေပေးချေရသဖြင့် စတုတ္ထ(၃)ပတ် တွင်မှ သုံးစွဲနိုင်ခြင်း၊ COVID-19 ရောဂါ ကာကွယ်ရေးသုံးပစ္စည်း Thermal Camera (၅)စုံ နှင့် COVID-19 ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း အစည်းအဝေးများကို Online Video Conferencing ကျင်းပနိုင်ရန် လိုအပ် သော Software Support Video Conferencing Device တို့အား ဝန်ကြီးဌာန၊ အရေးပေါ်ရန်ပုံငွေမှ ဝယ်ယူခဲ့ခြင်း၊ UK နိုင်ငံ၊ DFID အဖွဲ့အစည်း ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ အကောင် အထည်ဖော်ရန်နှင့် ဆွစ်ဇာလန် နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် စီးပွားရေး ချိတ်ဆက်မှုများ တိုးတက်စေရန် ဥယျာဉ်ခြံစိုက်ပျိုး ထောက်ပံ့နိုင်မှု စွမ်းရည် နှင့် ခရီးသွားဆက်စပ်လုပ်ငန်းများအား အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် အသုံးစရိတ်များ သုံးစွဲခဲ့ခြင်း၊ **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန** တွင် ဆောက်လုပ်ရေး လုပ်ငန်းများကို လုပ်ငန်းပြီးစီးမှုနှင့် စာချုပ်ပါအတိုင်းငွေပေးချေရခြင်းနှင့် ရုံးသုံးစက်ပစ္စည်းများမှာ စတုတ္ထ(၃)လပတ် အတွင်းမှ ပစ္စည်းများရောက်ရှိပြီး ငွေပေးချေရခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** တွင် COVID-19 ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားရပြီး ဇွန်လမှ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရခြင်းကြောင့် တည်ဆောက်ပြီးစီးမှု ရာခိုင် နှုန်းအလိုက် ငွေထုတ် ပေးရသဖြင့် ပိုမိုသုံးစွဲရခြင်း၊ COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (CERP) အတွက် အသုံးစရိတ်များ သုံးစွဲခဲ့ခြင်း၊ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန** တွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေပေးချေရခြင်းနှင့် ရုံးသုံး စက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများကို တင်ဒါစနစ်

ဖြင့် ဝယ်ယူခဲ့ပြီး တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများမှ စတုတ္ထ(၃)လပတ်မှသာ ပစ္စည်းများ ပေးသွင်း နိုင်ခဲ့ခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျှော့နည်းသုံးစွဲမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင် COVID-19 ကူးစက်ရောဂါ ကာလအတွင်း နယ်နိမိတ် မှတ်တိုင်စိုက်ထူခြင်း လုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းများအချိန်မီအကောင်အထည်ဖော်နိုင်ခြင်း မရှိခြင်းနှင့် COVID-19 ကူးစက်ရောဂါ ကာလအတွင်း ဝယ်ယူရန် အခက်အခဲ ဖြစ်သော သံရုံးများမှ ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးယာဉ်နှင့် အခြားရုံးသုံးပစ္စည်း များအား ဝယ်ယူမှုမပြုဘဲ ပိုလျှံငွေ ပြန်လည်အပ်နှံခြင်း၊ **နယ်စပ်ရေးရာဝန်ကြီး ဌာန** တွင် တင်ဒါပိုငွေများ ပြန်လည်အပ်နှံခြင်းနှင့် လုပ်ငန်း(၂)ခုအား ပြန်လည် အပ်နှံခြင်း၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန** တွင် COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် အသုံးစရိတ်များ ပြန်လည် အပ်နှံခဲ့ခြင်း၊ တင်ဒါဈေးနှုန်း စိစစ်ခြင်း၊ e-ID လုပ်ငန်း ဆောင်ရွက်ရန် ပြည်ပချေးငွေများအတွက် ဩစတြေးလျနိုင်ငံ OeSD နှင့် စာချုပ် မချုပ်ဆိုနိုင်သဖြင့် ချေးငွေ မရရှိခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** တွင် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများအတွက် မော်တော်ယာဉ် (၁၉၆) စီးဝယ်ယူရန် လျာထား သော်လည်း ဝယ်ယူမှု မရှိခြင်း၊ Landcruiser Bullet Proof (၆) စီးနှင့် Spare Parts (၄) စုံ ဝယ်ယူခြင်းအတွက် ဝန်ဆောင်မှုစရိတ် လျှော့နည်းခြင်း၊ PFM စီမံကိန်းမှ Additional Audit Advisor (၁) ဦး ၊ International Legal Advisor (၁)ဦး ငှားရမ်းရန်နှင့် ITAS Software၊ Mini Data Center အတွက် လိုအပ်သော Hardware နှင့် Software ၊ Network Operation Center တို့ ဝယ်ယူရန် လျာထားခဲ့သော်လည်း ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့နေရသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Virus Disease 2019 (COVID-19) အကျပ်အတည်းကြောင့် ငှားရမ်းရေးလုပ်ငန်းများ သတ်မှတ် ကာလအတွင်း မဆောင်ရွက်နိုင်ခြင်းနှင့် ITAS Software ဝယ်ယူရေး လုပ်ငန်းစဉ် မှာလည်း နှောင့်နှေးခဲ့ရခြင်း၊ ငှားရမ်းထားသော စာရင်းစစ်အကြံပေးများအား Remote Assistant ဖြင့်သာ ဆောင်ရွက်နိုင်ခြင်း၊ MIS System အကောင်အထည် ဖော်ဆောင်ရွက်မှုလုပ်ငန်းအား COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် လျှော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ကြွေးမြီရငွေပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၅၄၆,၈၂၆.၅၇၀ သန်း ဖြစ်ပြီး အကောင်အထည် ဖော်နိုင်မှု ကျပ် ၄၃၈,၉၉၉.၁၈၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၀.၂၈ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက်ကျပ်(-)၃၂၅,၄၆၁.၀၆၁သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၆၁,၇၇၇.၉၇၁ သန်း ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါ သည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** တွင် JICA ODA ချေးငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေး စီမံကိန်းအတွက် စတုတ္ထ(၃)လပတ် တွင် လျာထားခဲ့ခြင်း မရှိသော်လည်း GRF မှ ရရှိခဲ့ခြင်းနှင့် COVID-19 ကပ်ရောဂါကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေ လျော့ပါးမှုကို ကုစားနိုင်ရေး အတွက် Cash For Work Project (CFW) နှင့် Village Revolving Fund Project (VRFP) တို့ အတွက် World Bank မှ ချေးငွေများ ရရှိခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် ADB မှ ချေးငွေဖြင့် ဆောင်ရွက်သည့် Grade-7၊ Grade-10 သင်ရိုးသစ် ရေးဆွဲခြင်းဆိုင်ရာ Training များ၊ Face to Face Training သင်တန်းများ၏ ကုန်ကျစရိတ်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လက်တွေ့သုံး၊ သင်ကြားရေး သုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ဝယ်ယူရန်တို့အတွက် စတုတ္ထ (၃)လပတ်မှသာ ချေးငွေများရရှိခြင်းတို့ကြောင့် ပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် JICA (ODA) ချေးငွေ ၊ ADB ချေးငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအတွက် Advance Payment (10%) ပေးချေရန်နှင့် ပစ္စည်းများအတွက် တင်ဒါခေါ်ယူရာတွင် တင်ဒါဈေးနှုန်း စိစစ်ခဲ့ခြင်း၊ COVID -19 ကြောင့် ပစ္စည်းများ အချိန်မီ ပေးသွင်းနိုင်မှု မရှိခြင်း နှင့် အကြံပေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် နိုင်ငံခြားသား Expert များ လာရောက်၍ လုပ်ငန်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ဂျပန်နိုင်ငံသားအကြံပေးများ မှာ ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့သည့်အတွက် လစာ၊ နေထိုင်တည်းခို စရိတ်နှင့် ခရီးစရိတ်များသုံးစွဲရန် မလိုအပ်တော့ခြင်းတို့ကြောင့် ချေးငွေရရှိမှု လျော့နည်းခြင်း၊ Korea EXIM Bank ချေးငွေဖြင့် ဆောင်ရွက်သည့် အကြံပေး

ဝန်ဆောင်မှု စာချုပ်ကို Lump-Sum စနစ်အရ (၃)လ တစ်ကြိမ်ငွေပေးချေရပြီး လုပ်ငန်းများမှာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ချေးငွေထုတ်ယူသုံးစွဲမှု လျော့နည်းခဲ့ခြင်းတို့ကြောင့် ချေးယူရငွေမှာ လျာထား ချက်အောက် လျော့နည်းရခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန**တွင် ယခင်(၃)လပတ်များတွင် လျာထားချက်ထက် ပိုမို ရရှိခဲ့ခြင်းကြောင့် စတုတ္ထ(၃)လပတ်တွင် လျော့နည်းရခြင်း၊ ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက် သည့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်း တန်ဖိုး ကွင်းဆက်စီမံကိန်း (CFAVA) အတွက် သုံးစွဲနိုင်သလောက်သာ အရစာရင်းတင်ခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** တွင် PFM စီမံကိန်းတွင် Additional Audit Advisor (၁)ဦး၊ International Legal Advisor (၁)ဦး ငှားရမ်းရန် နှင့် ITAS Software၊ Mini Data Center အတွက် လိုအပ်သော Hardware နှင့် Software၊ Network Operation Center တို့ ဝယ်ယူရန် လျာထားခဲ့သော်လည်း COVID-19 ကပ်ရောဂါကြောင့် ငှားရမ်းရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း မဆောင်ရွက်နိုင်ခြင်းနှင့် ITAS Software ဝယ်ယူရေး လုပ်ငန်းစဉ်မှာလည်း နှောင့်နှေးခဲ့ရခြင်း၊ ငှားရမ်း ထားသော စာရင်းစစ်အကြံပေးများအား Remote Assistant ဖြင့်သာ ဆောင်ရွက် နိုင်ခြင်းတို့ကြောင့် ချေးယူရငွေများ လျော့နည်း ခြင်း၊ DSSI အစီအစဉ်အရ ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများသို့ ပေးချေရမည့် အရင်းအား ဆိုင်းငံ့ကာလ (၁) နှစ်၊ ပြန်ဆပ်ကာလ (၃) နှစ်ဖြင့် အချိန်ကာလ ရွှေ့ဆိုင်းထားခြင်းကြောင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ ပြန်လည်တောင်းခံရရှိမှုမရှိခြင်း၊ အင်္ဂလိပ်စာ သင်တန်းနှင့် ကွန်ပျူတာသင်တန်း၊ အကြံပေးပုဂ္ဂိုလ် ငှားရမ်းခြင်းတို့အတွက် လျာထားခဲ့သော် လည်း COVID-19 ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အတွက် သင်တန်းများဖွင့်လှစ် ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် ချေးယူရငွေများ လျော့နည်းရခြင်း၊ **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန** တွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စုစုပေါင်း အကျိုးခံစားခွင့်ရှိသူဦးရေမှာ မူလခန့်မှန်းဦးရေထက် လျော့နည်းခြင်း၊ COVID-19 ကပ်ရောဂါကြောင့် ရပ်ရွာအခြေပြုလူမှုဝန်ဆောင်မှုနှင့် အသိပညာပေးလုပ်ငန်း အတွက် သင်တန်းများပေးခြင်းကို စီစဉ်ဆောင်ရွက်နိုင်မှုမရှိခြင်း တို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** **စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန** တွင် COVID-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် (CERP) လုပ်ငန်းစဉ်အရ စီးပွားရေး ထိခိုက်နိုင်မှုရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များ၊ လေကြောင်းစီးပွားရေးလုပ်ငန်းများ၊ တောင်သူလယ်သမားများနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ သက်သာသောချေးငွေများ ထုတ်ချေးနိုင်ရန် အထွေထွေပိုလျှံရန်ပုံငွေ(GRF)မှ တောင်းခံသုံးစွဲခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၄) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** **ပြည်ထဲရေးဝန်ကြီးဌာန** တွင် China Exim Bank သို့ ပေးချေရမည့် အရင်းပေးငွေအားလျာထားခဲ့သော်လည်း DSSI အစီအစဉ်အရ အရင်းနှင့်အတိုးများကို ဆိုင်းငံ့ကာလ ပြောင်းရွှေ့ပေးဆပ်ရခြင်း၊ **ကာကွယ်ရေးဝန်ကြီးဌာန** တွင် G-20 မှထုတ်ပြန်ခဲ့သည့် Debt Service Suspension Initiative DSSI အစီအစဉ်အရ ပေးဆပ်ရမည့် ကြွေးမြီများအား ဆိုင်းငံ့ကာလ(၁)နှစ်၊ ပြန်ဆပ်ကာလ(၃)နှစ်ဖြင့် အချိန်ကာလပြောင်းရွှေ့၍ ပေးဆပ်ရခြင်း၊ **ပြန်ကြားရေးဝန်ကြီးဌာန** တွင် စတုတ္ထ (၃)လပတ်တွင် ပေးချေရမည့် အရင်းပေးဆပ် ငွေမှာ DSSI အစီအစဉ်တွင် ပါဝင်သောနိုင်ငံဖြစ်၍ ဆိုင်းငံ့ကာလ(၁)နှစ်နှင့် ပြန်ဆပ်ကာလ(၃)နှစ်ဖြင့် အချိန်ကာလပြောင်းရွှေ့ ပေးဆပ်ရမည်ဖြစ်သဖြင့် လျာထားချက်အတိုင်း မဆောင်ရွက်နိုင်ခြင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** တွင် အိုပက်ချေးငွေ၊ China EXIM Bank မှ ချေးငွေနှင့် Shinhan Bank မှ ချေးငွေများအတွက် အရင်းပေးဆပ်ရာတွင် နိုင်ငံခြားငွေ လဲလှယ်နှုန်း ပြောင်းလဲခြင်းနှင့် DSSI အစီအစဉ်တွင်ပါဝင်သော အဖွဲ့အစည်းများသို့ ပေးချေရန် လျာထားငွေများအား အချိန်ကာလပြောင်းရွှေ့သဖြင့် ပေးဆပ်ရမည့် အရင်းပေးဆပ်ငွေများအား ပြန်လည်အပ်နှံခဲ့ရခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** တွင် DSSI အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့၏ ချေးငွေအား အရင်းပေးဆပ်ရာတွင် ဆိုင်းငံ့ကာလရရှိပါသဖြင့် ဒုတိယအကြိမ်

အရင်းပေးချေရန်မလိုအပ်ခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** တွင် Debt Service Suspension Initiative (DSSI) အစီအစဉ်တွင် ပါဝင်သည့် အရင်းပေးဆပ်ရမည့် ချေးငွေများ ဖြစ်သည့် ဩစတြီးယားချေးငွေ၊ အင်္ဂလန်ချေးငွေ၊ ဂျာမနီချေးငွေ၊ တရုတ်ချေးငွေနှင့် EXIM Bank of China ချေးငွေဖြင့် ဆောင်ရွက်သည့် သောက်ရေခပ်(၂)၊ ဘီလူးချောင်း (၃)၊ သူငွေး၊ အထက်ကျိုင်းတောင်းနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း တို့အတွက် ဆိုင်းငံ့ကာလ (၁)နှစ်၊ ပြန်ဆပ်ကာလ(၃)နှစ်ဖြင့် အချိန်ကာလ ပြောင်းရွှေ့၍ ပေးဆပ်ရမည်ဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၉၄.၅၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၆၅.၃၃ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၈၀.၂၈ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှုမှာ ၉၂.၁၃ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထား ချက်ကို ပြည့်မီရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၁၅၆.၇၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၁၁၇.၁၆ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၁၅၈.၆၆ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၄၆,၉၄၂.၆၇၂ | ၉,၃၁၈.၀၄၀ | +၃၇,၆၂၄.၆၃၂ | ၃၆,၉၅၄.၇၅၈ | ၂၇,၈၇၇.၀၂၄ | +၉,၀၇၇.၇၃၄ | ၇၈.၇၂% | ၂၉၉.၁၇% |
| | | စုစုပေါင်း | ၄၆,၉၄၂.၆၇၂ | ၉,၃၁၈.၀၄၀ | +၃၇,၆၂၄.၆၃၂ | ၃၆,၉၅၄.၇၅၈ | ၂၇,၈၇၇.၀၂၄ | +၉,၀၇၇.၇၃၄ | ၇၈.၇၂% | ၂၉၉.၁၇% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားလူမှုဖူလုံရေးအဖွဲ့ | ၄၆,၉၄၂.၆၇၂ | ၅,၄၃၅.၄၇၀ | +၄၁,၅၀၇.၂၀၂ | ၃၆,၉၅၄.၆၅၁ | ၂၃,၃၇၄.၂၁၁ | +၁၃,၅၈၀.၄၄၀ | ၇၈.၇၂% | ၄၃၀.၀၃% |
| | | စုစုပေါင်း | ၄၆,၉၄၂.၆၇၂ | ၅,၄၃၅.၄၇၀ | +၄၁,၅၀၇.၂၀၂ | ၃၆,၉၅၄.၆၅၁ | ၂၃,၃၇၄.၂၁၁ | +၁၃,၅၈၀.၄၄၀ | ၇၈.၇၂% | ၄၃၀.၀၃% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၃,၈၈၂.၅၇၀ | -၃,၈၈၂.၅၇၀ | ၀.၁၀၇ | ၄,၅၀၂.၈၁၃ | -၄,၅၀၂.၇၀၆ | | ၁၁၅.၉၈% |
| | | စုစုပေါင်း | | ၃,၈၈၂.၅၇၀ | -၃,၈၈၂.၅၇၀ | ၀.၁၀၇ | ၄,၅၀၂.၈၁၃ | -၄,၅၀၂.၇၀၆ | | ၁၁၅.၉၈% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၄၆,၉၄၂.၆၇၂ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၆,၉၅၄.၆၅၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၈.၇၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃) လပတ်လျာထားချက် ကျပ် ၅,၄၃၅.၄၇၀ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၃,၃၇၄.၂၁၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၃၀.၀၃ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** လူမှုဖူလုံရေးအဖွဲ့တွင် COVID-19 ရောဂါ ဖြစ်ပွားနေခြင်းကြောင့် စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်ဌာနများ ယာယီပိတ်သိမ်းခြင်း၊ အာမခံအလုပ်သမားဦးရေ လျော့နည်းခြင်းနှင့် ထည့်ဝင်ကြေးပေးသွင်းရမည့် ကာလရွှေ့ဆိုင်းခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့တွင် COVID-19 ဖြစ်စဉ်ကြောင့် ရုံးချုပ်၊ ရုံးခွဲများ၊ ဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးရုံကြီးများ၊ ဆေးခန်းများ၊ တိုင်းရင်းဆေးကုသခန်းတို့အတွက် လိုအပ်သော ဆေးဝါးပစ္စည်းများ ဝယ်ယူခြင်း၊ ယာယီပိတ်သိမ်းခဲ့သော စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား ၄၀% လူမှုဖူလုံရေး ထောက်ပံ့ ကူညီခြင်းတို့ကြောင့် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် စတုတ္ထ(၃) လပတ် လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှု ကျပ် ၀.၁၀၇ သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၃,၈၈၂.၅၇၀ သန်း ဖြစ်ပြီး အကောင်အထည် ဖော်နိုင်မှု ကျပ် ၄,၅၀၂.၈၁၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၅.၉၈ ဖြစ်ပါသည်။ ငွေလုံး ငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** လူမှုဖူလုံရေးအဖွဲ့တွင် စတုတ္ထ(၃)လပတ် အတွက် လျာထားချက်မရှိသော်လည်း ပုသိမ်ရုံးမှ သွပ်ပြားဟောင်းရောင်းချရငွေ ပေးသွင်းခြင်းကြောင့် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့တွင် တည်ဆောက်ရေး လုပ်ငန်းများတွင် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် ငွေပေးချေရခြင်း၊ ရုံးသုံး စက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားအသုံးစရိတ်များတွင် သတင်းအချက် အလက်စနစ် (SSB Information System) လုပ်ငန်းနှင့် COVID-19 ဖြစ်စဉ်တို့အတွက် သုံးစွဲထားခြင်းကြောင့် ပိုမိုရခြင်း။

နောက်ဆက်တွဲ(ဃ)



## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၃,၇၂၆.၁၀၄ | ၅,၂၀၅.၇၈၈ | -၁,၄၇၉.၆၈၄ | ၃,၅၉၂.၅၃၂ | ၄,၃၇၅.၃၇၇ | -၇၈၂.၈၄၅ | ၉၆.၄၂% | ၈၄.၀၅% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၀၆,၇၀၈.၈၁၅ | ၆၁၇,၇၂၇.၈၈၃ | -၃၁၁,၀၁၉.၀၆၈ | ၃၅၆,၂၉၆.၃၄၈ | ၆၄၈,၆၂၀.၉၁၉ | -၂၉၂,၃၂၅.၅၇၁ | ၁၁၆.၁၇% | ၁၀၅.၀၀% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၁၁,၃၆၅.၀၂၈ | ၂၀၁,၁၆၈.၀၃၄ | +၁၀,၁၉၆.၉၉၄ | ၁၅၂,၃၂၁.၂၉၇ | ၁၉၄,၃၁၀.၁၀၃ | -၄၁,၉၈၈.၈၀၆ | ၇၂.၀၇% | ၉၆.၅၉% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၁၂၄,၇၅၃.၀၅၃ | ၃,၂၄၂,၃၉၁.၅၈၂ | -၁,၁၁၇,၆၃၈.၅၂၉ | ၂,၀၁၀,၁၁၆.၃၉၂ | ၃,၂၉၈,၇၄၉.၅၉၅ | -၁,၂၈၈,၆၃၃.၂၀၃ | ၉၄.၆၀% | ၁၀၁.၇၄% |
| | ၅ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု | ၄၀၈,၄၁၆.၆၇၁ | ၅၉၃,၈၉၉.၂၆၆ | -၁၈၅,၄၈၂.၅၉၅ | ၃၄၆,၄၀၄.၁၂၉ | ၃၉၉,၁၆၉.၉၁၀ | -၅၂,၇၆၅.၇၈၁ | ၈၄.၈၂% | ၆၇.၂၁% |
| | | စုစုပေါင်း | ၃,၀၅၄,၉၆၉.၆၇၁ | ၄,၆၆၀,၃၉၂.၅၅၃ | -၁,၆၀၅,၄၂၂.၈၈၂ | ၂,၈၆၈,၇၃၀.၆၉၈ | ၄,၅၄၅,၂၂၆.၉၀၄ | -၁,၆၇၆,၄၉၆.၂၀၆ | ၉၃.၉၀% | ၉၇.၅၃% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၃,၇၂၆.၁၀၄ | ၄,၉၉၃.၅၃၈ | -၁,၂၆၇.၄၃၄ | ၃,၅၉၀.၉၂၅ | ၄,၀၈၂.၅၂၅ | -၄၉၁.၆၀၀ | ၉၆.၃၇% | ၈၁.၇၆% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၁၈,၂၃၆.၆၇၄ | ၃၁၄,၉၄၇.၅၁၀ | -၁၉၆,၇၁၀.၈၃၆ | ၈၅,၈၁၆.၆၂၀ | ၂၉၈,၇၀၂.၇၆၀ | -၂၁၂,၈၈၆.၁၃၉ | ၇၂.၅၈% | ၉၄.၈၄% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၁၁,၃၆၅.၀၂၈ | ၁၉၇,၉၃၂.၉၄၇ | +၁၃,၄၁၂.၀၈၁ | ၁၅၂,၃၁၇.၁၃၇ | ၁၉၀,၇၉၂.၄၃၈ | -၃၈,၄၇၅.၃၀၁ | ၇၂.၀၆% | ၉၆.၃၈% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၉၆၁,၆၃၄.၁၂၀ | ၂,၇၈၀,၂၄၉.၈၉၄ | -၈၁၈,၆၁၅.၇၇၄ | ၁,၈၅၉,၄၀၆.၁၁၀ | ၂,၉၃၉,၆၄၁.၇၉၅ | -၁,၀၈၀,၂၃၅.၆၈၅ | ၉၄.၇၉% | ၁၀၅.၇၃% |
| | ၅ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု | ၃၃၉,၁၈၀.၁၈၁ | ၃၇၀,၇၉၆.၂၉၂ | -၃၁,၆၁၆.၁၁၁ | ၃၃၅,၄၁၈.၃၀၈ | ၃၀၆,၂၁၅.၀၅၇ | +၂၉,၂၀၃.၂၅၁ | ၉၈.၈၉% | ၈၂.၅၈% |
| | | စုစုပေါင်း | ၂,၆၃၄,၁၄၂.၁၀၇ | ၃,၆၆၈,၉၄၀.၁၈၁ | -၁,၀၃၄,၇၉၈.၀၇၄ | ၂,၄၃၆,၅၄၉.၁၀၁ | ၃,၇၃၉,၄၃၄.၅၇၅ | -၁,၃၀၂,၈၈၅.၄၇၄ | ၉၂.၅၀% | ၁၀၁.၉၂% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၂၁၂.၂၅၀ | -၂၁၂.၂၅၀ | ၁.၆၀၇ | ၂၉၂.၈၅၂ | -၂၉၁.၂၄၅ | | ၁၃၇.၉၈% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၀,၈၈၄.၃၁၀ | ၂၄၀,၃၇၀.၀၃၇ | -၂၂၉,၄၈၅.၇၂၇ | ၄,၀၇၄.၂၂၃ | ၃၄၉,၉၁၉.၁၅၉ | -၃၄၅,၈၄၄.၉၃၆ | ၃၇.၄၃% | ၁၄၅.၅၈% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | ၃,၂၁၅.၀၈၇ | -၃,၂၁၅.၀၈၇ | ၄.၁၆၀ | ၃,၅၁၇.၆၆၅ | -၃,၅၁၃.၅၀၅ | | ၁၀၉.၄၁% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၅၃၄.၂၁၉ | ၃၃၈,၃၄၄.၅၉၉ | -၃၃၅,၈၁၀.၃၈၀ | ၂၁,၆၉၄.၅၉၈ | ၂၉၈,၇၇၁.၉၅၇ | -၂၇၇,၀၇၇.၃၅၉ | ၈၅၆.၀၇% | ၈၈.၃၀% |
| | ၅ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု | ၂,၅၃၇.၉၄၀ | ၃၂,၄၂၇.၃၇၃ | -၂၉,၈၈၉.၄၃၃ | ၄၈၈.၄၇၈ | ၂၅,၁၃၁.၀၅၅ | -၂၄,၆၄၂.၅၇၇ | ၁၉.၂၅% | ၇၇.၅၀% |
| | | စုစုပေါင်း | ၁၅,၉၅၆.၄၆၉ | ၆၁၄,၅၆၉.၃၄၆ | -၅၉၈,၆၁၂.၈၇၇ | ၂၆,၂၆၃.၀၆၆ | ၆၇၇,၆၃၂.၆၈၈ | -၆၅၁,၃၆၉.၆၂၂ | ၁၆၄.၅၉% | ၁၁၀.၂၆% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၇၇,၅၈၇.၈၃၁ | ၆၂,၄၁၀.၃၃၆ | +၁၁၅,၁၇၇.၄၉၅ | ၂၆၆,၄၀၅.၅၀၄ | | +၂၆၆,၄၀၅.၅၀၄ | ၁၅၀.၀၁% | |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၆၀,၅၀၄.၇၁၄ | ၁၂၃,၇၉၇.၀၈၉ | +၃၆,၇၀၇.၆၂၅ | ၁၂၉,၀၁၅.၆၈၄ | ၆၀,၃၃၅.၈၄၃ | +၆၈,၆၇၉.၈၄၁ | ၈၀.၃၄% | ၄၈.၇၄% |
| | ၅ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု | ၆၆,၆၉၈.၅၅၀ | ၁၉၀,၆၇၅.၆၀၁ | -၁၂၃,၉၇၇.၀၅၁ | ၁၀,၄၉၇.၃၄၃ | ၆၇,၈၂၃.၇၉၈ | -၅၇,၃၂၆.၄၅၅ | ၁၅.၇၄% | ၃၅.၅၇% |
| | | စုစုပေါင်း | ၄၀၄,၈၇၁.၀၉၅ | ၃၇၆,၈၈၃.၀၂၆ | +၂၇,၉၈၈.၀၆၉ | ၄၀၅,၉၁၈.၅၃၁ | ၁၂၈,၁၅၉.၆၄၁ | +၂၇၇,၇၅၈.၈၉၀ | ၁၀၀.၂၆% | ၃၄.၀၁% |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃) လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက်ကျပ် ၂,၆၃၄,၁၄၂.၁၀၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုကျပ် ၂,၄၃၆,၅၄၉.၁၀၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၂.၅၀ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၃,၆၆၈,၉၄၀.၁၈၁ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၇၃၉,၄၃၄.၅၇၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၁.၉၂ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါသဖြင့် အမြန်ရထားခရီးစဉ်အချို့ဖျက်သိမ်းခဲ့ရခြင်း၊ COVID-19 ကြောင့် အချို့ရထားခရီးစဉ်များ ရပ်ဆိုင်းထားခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် COVID-19 ကြောင့် အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲမှုရပ်နားထားခြင်း၊ ယာဉ်မောင်းသင်တန်းများ မဖွင့်လှစ်နိုင်ခြင်းနှင့် ကုန်စည်ပို့ဆောင်ခရငွေများ လျော့နည်းခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် COVID-19 ကြောင့် ဝန်ဆောင်မှုပေးရန်ဈေးကွက်များ ရှာဖွေရာတွင် ခက်ခဲခြင်းကြောင့် ရငွေလျော့နည်း ရရှိခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် COVID-19 ကြောင့် မြန်မာ့သစ်လုပ်ငန်းတွင် သစ်များအား တင်ဒါခေါ်ယူရောင်းချနိုင်မှုမရှိခြင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းတွင် Smelter Slag (10,000) တန်အတွက် USD 381,000 နှင့်ညီမျှသော မြန်မာကျပ်ငွေပေးသွင်းမှု မရှိသေးခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတွင် COVID-19 ကြောင့် ပြည်တွင်းရတနာပြပွဲများ ကျင်းပနိုင်မှုမရှိခြင်းကြောင့် ရငွေလျော့နည်း ရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ကမ်းလွန်၊ကုန်းတွင်းမှ သဘာဝဓာတ်ငွေ့ဖိုး၊ ကျောက်မီးသွေးဖိုးများနှင့် Gas Engines ငှားရမ်းခများ၏ ငွေတောင်းခံလွှာများမှာ

စတုတ္ထ(၃)လပတ်ရောက်ရှိမှသာ ပေးချေနိုင်ခဲ့ခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်ပစ္စည်းများ၊ Schlumberger Service Charges များ၊ အထူးကုန်စည်ခွန်များနှင့် ကုန်သွယ်လုပ်ငန်းခွန်များကို စတုတ္ထ(၃)လပတ်ရောက်ရှိမှသာ ငွေပေးချေခဲ့ခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ စက်ရုံများတွင်သုံးစွဲခဲ့သည့် ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ လောင်စာနှင့် ထုတ်လုပ်မှုအသုံးစရိတ်များကို စတုတ္ထ(၃)လပတ် ရောက်ရှိမှသာ ငွေပေးချေနိုင်ခဲ့ခြင်း၊ ပင်စင်အသုံးစရိတ်တွင် ပင်စင်ဦးစီးဌာနမှ ခွင့်ပြုမိန့်ရရှိ၍ လုပ်သက်ဆုငွေများထုတ်ပေးရခြင်းတို့ကြောင့် ပိုမိုခြင်း။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် COVID-19 ကာလအတွင်း သတင်းစာစောင်ရေရောင်းချမှုကျဆင်းသဖြင့် ကုန်ကြမ်းဝယ်ယူမှုလျော့နည်းခြင်းနှင့် ယင်းနှင့်ဆက်စပ်သည့် ထုတ်လုပ်မှုစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်များ လျော့နည်းခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတွင် ငွေစုဘဏ်အပ်ငွေအပေါ်အတိုးပေးငွေအတွက် အတိုးနှုန်းများလျှော့ချခဲ့ခြင်း၊ ဓာတ်ဆီ၊ စက်ဆီဈေးနှုန်းများကျဆင်းခြင်း၊ COVID-19 ကာလတွင် အဆောက်အဦပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်း၊ ATM ဆိုင်ရာ အသုံးစရိတ်များခန့်မှန်းသည့်အတိုင်း မသုံးစွဲဖြစ်ခြင်း၊ PFM Reform နှင့် JICA ODA ချေးငွေဆိုင်ရာ Consultant Fees မသုံးစွဲနိုင်ခဲ့ခြင်း၊ COVID-19 ကြောင့် ပြည်တွင်း/ပြည်ပခရီးစရိတ်များ လျော့နည်းခြင်း၊ ငွေကြေးစရိတ်တွင် Debt Service Suspension Initiative (DSSI) အစီအစဉ်အရ အချိန်ကာလပြောင်းရွှေ့ပေးဆပ်ရခြင်းကြောင့် လျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် စတုတ္ထ(၃) လပတ် လျာထားချက် ကျပ် ၁၅,၉၅၆.၄၆၉ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၆,၂၆၃.၀၆၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၆၄.၅၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃) လပတ်လျာထားချက် ကျပ် ၆၁၄,၅၆၉.၃၄၆ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု

ကျပ် ၆၇၇,၆၃၂.၆၈၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၀.၂၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **ပြန်ကြားရေးဝန်ကြီးဌာန၊** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ရငွေလျာထားချက်မရှိသော်လည်း စာရင်းစစ်ကန့်ကွက်ချက်အရ မြန်မာ့အလင်းသတင်းစာတိုက် လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြန်လည်ပေးသွင်းခြင်းနှင့် Nikkon FA-SF 50mm FI-4 GL Lens Camera ဝယ်ယူရာတွင် တင်ဒါစည်းမျဉ်းနှင့် မညီညွတ်၍ Performance Guarantee ၁၀ ရာခိုင်နှုန်းအား ဒဏ်ကြေးရငွေအဖြစ်ရရှိခဲ့ခြင်း၊ **သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွင်** လျာထားချက်မရှိသော်လည်း ဝင်ငွေရရှိရခြင်းမှာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ပစ္စည်းဟောင်းရောင်းချရငွေများရရှိခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** COVID-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် JICA Grant ဖြင့် ဆောင်ရွက်သော မြန်အောင် 23 MW Gas Engine ဓာတ်အားပေး စက်ရုံစီမံကိန်းအတွက် ပစ္စည်းများသည် စတုတ္ထ(၃)လပတ်တွင် ရောက်ရှိခဲ့ခြင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူထားသော စက်ပစ္စည်းများ သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိခြင်းကြောင့် နောက်ကျဒဏ်ကြေးများ ရရှိခဲ့ခြင်းကြောင့် ပိုမိုရရှိခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဂျပန်နိုင်ငံအကူအညီဖြင့် ဆောင်ရွက်သော ဒလသင်္ဘောကျင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းအတွက် MOU လက်မှတ်ရေးထိုးဆောင်ရွက်နိုင်မှု မရှိခြင်းနှင့် မြန်မာ့မီးရထားတွင် JICS (Grant) အတွက် Agent Fee နှင့် Consultant Fee တို့အား ပေးချေရန်အတွက် ကုမ္ပဏီမှ တင်ပြတောင်းခံမှု မရှိခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊** မြန်မာ့စီးပွားရေးဘဏ်တွင် World Bank အကူအညီ ရငွေဖြင့် ဆောင်ရွက်သည့် Mini Data Center အတွက် ပစ္စည်းရောက်ရှိမှု ရာခိုင်နှုန်းအလိုက်ငွေပေးချေရခြင်း၊ Core Banking Software ဝယ်ယူခြင်း အတွက် စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆဲဖြစ်ခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** **ပြန်ကြားရေးဝန်ကြီးဌာန**တွင် နေပြည်တော်သတင်းစာတိုက် လေးခန်းတွဲဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် ရုံးသုံးစက်ကိရိယာဝယ်ယူခြင်းအတွက် စတုတ္ထ(၃)ပတ်မှသာ ငွေပေးချေနိုင်ခဲ့ခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်ပစ္စည်းဝယ်ယူခြင်း လုပ်ငန်းများအတွက် တတိယ(၃)လပတ်အတွင်း သုံးစွဲရန်လျာထားသော်လည်း စတုတ္ထ(၃)လပတ်ရောက်ရှိမှ ဘဏ္ဍာရေးနှစ်ကျော်လွန်သုံးစွဲမည့် အသုံးစရိတ်များအဖြစ် လျာထားသုံးစွဲခဲ့ခြင်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တတိယ(၃)လပတ်အတွင်း သုံးစွဲရန်လျာထားသော်လည်း စတုတ္ထ(၃)လပတ်ရောက်ရှိမှ ဘဏ္ဍာနှစ်လွန်ကျော်လွန်သုံးစွဲမည့် အသုံးစရိတ်များအဖြစ်လျာထားသုံးစွဲခဲ့ခြင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊** အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ဝန်ထမ်းနေရာ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဒုတိယအကြိမ်(၂၅%)အား စတုတ္ထ(၃)လပတ် ရောက်ရှိမှသာ ပေးချေခဲ့ခြင်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း၊ VIP ဧည့်ရိပ်သာ(၂)ဆောင် အကြီးစားပြင်ဆင်ခြင်း၊ Valut Room တည်ဆောက်ခြင်း၊ Speed Boat (၁)စီး ဝယ်ယူခြင်း၊ Digital Multifunction Copier (၂)လုံး ဝယ်ယူခြင်းတို့အား စတုတ္ထ(၃)လပတ်ရောက်ရှိမှသာ ဆောင်ရွက်ပြီးစီးခဲ့ခြင်းတို့ကြောင့် ပိုမိုခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် COVID-19 ကြောင့် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း၊ JICA ချေးငွေတို့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် နိုင်ငံခြားမှမှာယူထားသော စက်ပစ္စည်းများမှာ အချိန်မီ မရောက်ရှိခြင်းနှင့် တည်ဆောက်ရေး လုပ်ငန်းများနောက်ကျခြင်း၊ KfW ချေးငွေမှာ Bidding Document ပြုစုဆဲဖြစ်ခြင်း၊ ADB ချေးငွေဖြင့် ချုပ်ဆိုမည့် Consultant စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်းနှင့် ထရန်စဖော်မာများ တင်ဒါခေါ်ယူရန် Bidding Document အား ADB သို့ No Objection Letter တောင်းခံထားဆဲဖြစ်ခြင်း၊ ကွန်ကရစ် တိုင်များဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်မှု မရှိခြင်းနှင့် **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊** မြန်မာ့

စီးပွားရေးဘဏ်တွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် Mini Data Center အတွက် ပစ္စည်းရောက်ရှိမှု ရာခိုင်နှုန်းအလိုက် ငွေပေးချေရခြင်း၊ Core Banking Software ဝယ်ယူရန် အချိန်မီစာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် World Bank ချေးငွေဖြင့် ဝယ်ယူမည့် စက်ပစ္စည်းများမှာ အချိန်ကာလလုံလောက်မှုမရှိ၍ ဝယ်ယူနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၄၀၄,၈၇၁.၀၉၅ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၀၅,၉၁၈.၅၃၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၂၆ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၃၇၆,၈၈၃.၀၂၆ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၂၈,၁၅၉.၆၄၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၃၄.၀၁ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ဂျပန်နိုင်ငံချေးငွေနှင့် အိန္ဒိယချေးငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တတိယ(၃)လပတ်အတွင်း သုံးစွဲရန်လျာထားသော်လည်း စတုတ္ထ(၃)လပတ်တွင်မှ ဘဏ္ဍာနှစ်လွန်ကျော်လွန်သုံးစွဲမည့် အသုံးစရိတ်များအဖြစ် လျာထားသုံးစွဲမည်ဖြစ်ခြင်းကြောင့် ကြွေးမြီရငွေပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း၊ JICA ချေးငွေတို့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် နိုင်ငံခြားမှ မှာယူထားသော စက်ပစ္စည်းများမှာ အချိန်မီမရောက်ရှိခြင်း၊ KfW ချေးငွေမှာ Bidding Document ပြုစုဆဲဖြစ်ခြင်း၊ ADB ချေးငွေ ဖြင့် ချုပ်ဆိုမည့် Consultant စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်းနှင့် ထရန်စဖော်မာများ တင်ဒါခေါ်ယူရန် Bidding Document အား ADB သို့ No Objection Letter တောင်းခံထားဆဲဖြစ်ခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သော PFM ဆိုင်ရာ Consultant Fees မပေးချေရခြင်းနှင့် JICA ချေးငွေဖြင့် ဆောင်ရွက်သော ODA Phase II နှင့်

Housing Loan တို့အား COVID-19 ကာလအတွင်း အနည်းငယ်သာရယူနိုင်ခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့တွင် G-20 မှ ထုတ်ပြန်ခဲ့သည့် Debt Service Suspension Initiative (DSSI) အစီအစဉ်အရ အရင်းပေးဆပ်ရာတွင် COVID-19 ကပ်ရောဂါကြောင့် အချိန်ကာလပြောင်းရွှေ့ ပေးဆပ်ရမည်ဖြစ်၍ လျော့နည်းခြင်း၊ မြန်မာ့စီးပွားရေးဘဏ်တွင် JICA ODA Housing Loan အား Construction Housing and Infrastructure Development Bank (CHIDB) သို့လည်းကောင်း၊ ODA Phase II ချေးငွေအား Public Financial Institutions (PFIs) များသို့ ထုတ်ချေးရာတွင်လည်းကောင်း၊ COVID-19 ကပ်ရောဂါကာလအတွင်း ချေးငွေများထုတ်ချေးနိုင်မှုမရှိခြင်းကြောင့် လျော့နည်းခြင်း။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စတုတ္ထ(၃) လပတ် လျာထားချက်အပေါ် အကောင် အထည် ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၉၂.၅၀ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၆၄.၅၆ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၁၀၀.၂၆ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှု ၉၃.၉၀ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် နီးစပ်စွာအကောင် အထည်ဖော်ဆောင် ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေပိုင်းနှင့် ကြွေးမြီရငွေပိုင်းတို့တွင် လျာထားချက်ထက် ကျော်လွန်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၁၀၁.၉၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၁၀.၂၆ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၃၄.၀၁ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၉၇.၅၃ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့တွင် လျာထားချက်ထက်ကျော်လွန်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ကြွေးမြီအသုံးစရိတ်တွင် Debt Service Suspension Initiative (DSSI) အစီအစဉ်အရ အရင်းပေးဆပ်ရာတွင် COVID-19 ကပ်ရောဂါကြောင့် အချိန်ကာလပြောင်းရွှေ့ ပေးဆပ်ရမည်ဖြစ်ခြင်းကြောင့် လျော့နည်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေသုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၈၉,၅၅၉.၁၄၃ | ၁၁၇,၇၄၁.၉၅၁ | -၂၈,၁၈၂.၈၀၈ | ၆၄,၈၄၀.၈၅၇ | ၇၈,၈၅၇.၅၅၁ | -၁၄,၀၁၆.၆၉၄ | ၇၂.၄၀% | ၆၆.၉၇% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၅၁၁,၀၁၃.၉၄၅ | ၅၈၅,၅၄၇.၁၅၇ | -၇၄,၅၃၃.၂၁၂ | ၃၆၈,၄၂၁.၇၀၀ | ၆၀၅,၁၁၄.၂၆၇ | -၂၃၆,၆၉၂.၅၆၇ | ၇၂.၁၀% | ၁၀၃.၃၄% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၅၈,၅၆၂.၃၉၉ | ၃၈၅,၀၀၆.၉၈၆ | -၂၆,၄၄၄.၅၈၇ | ၂၄၁,၁၆၉.၉၈၁ | ၃၉၁,၅၄၉.၈၅၂ | -၁၅၀,၃၇၉.၈၇၁ | ၆၇.၂၆% | ၁၀၁.၇၀% |
| | | ၂။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၅၂,၄၅၁.၅၄၆ | ၂၀၀,၅၄၀.၁၇၁ | -၄၈,၀၈၈.၆၂၅ | ၁၂၇,၂၅၁.၇၁၉ | ၂၁၃,၅၆၄.၄၁၅ | -၈၆,၃၁၂.၆၉၆ | ၈၃.၄၇% | ၁၀၆.၄၉% |
| | | စုစုပေါင်း | ၆၀၀,၅၇၃.၀၈၈ | ၇၀၃,၂၈၉.၁၀၈ | -၁၀၂,၇၁၆.၀၂၀ | ၄၃၃,၂၆၂.၅၅၇ | ၆၈၃,၉၇၁.၈၁၈ | -၂၅၀,၇၀၉.၂၆၁ | ၇၂.၁၄% | ၉၇.၂၅% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၂,၃၁၃.၆၂၁ | ၇၇,၅၄၁.၇၉၉ | -၅,၂၂၈.၁၇၈ | ၃၅,၂၈၉.၅၄၉ | ၄၉,၀၁၂.၁၉၅ | -၁၃,၇၂၂.၆၄၆ | ၄၈.၈၀% | ၆၃.၂၁% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၇၇,၇၉၄.၁၆၇ | ၅၃၁,၁၆၈.၅၆၂ | -၅၃,၃၇၄.၃၉၅ | ၃၄၃,၅၉၂.၀၂၃ | ၅၅၈,၆၉၁.၉၉၇ | -၂၁၅,၀၉၉.၈၇၄ | ၇၁.၉၁% | ၁၀၅.၁၈% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၅၁,၅၃၃.၅၉၈ | ၃၆၃,၈၇၁.၁၇၆ | -၁၂,၃၃၇.၅၇၈ | ၂၃၈,၂၆၃.၁၆၁ | ၃၇၃,၉၃၅.၅၀၀ | -၁၃၅,၆၇၂.၃၃၀ | ၆၇.၇၈% | ၁၀၂.၇၇% |
| | | ၂။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၂၆,၂၆၀.၅၆၉ | ၁၆၇,၂၉၇.၃၈၆ | -၄၁,၀၃၆.၈၁၇ | ၁၀၅,၃၂၈.၈၆၂ | ၁၈၄,၇၅၆.၄၉၆ | -၇၉,၄၂၇.၆၃၄ | ၈၃.၄၂% | ၁၁၀.၄၄% |
| | | စုစုပေါင်း | ၅၅၀,၁၀၇.၇၈၈ | ၆၀၈,၇၁၀.၃၆၁ | -၅၈,၆၀၂.၅၇၃ | ၃၇၈,၈၈၁.၅၇၂ | ၆၀၇,၇၀၄.၁၉၂ | -၂၂၈,၈၂၂.၆၂၀ | ၆၈.၈၇% | ၉၉.၈၃% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | | ၃၇,၈၀၉.၃၉၁ | -၃၇,၈၀၉.၃၉၁ | | ၂၆,၅၇၂.၉၅၂ | -၂၆,၅၇၂.၉၅၂ | | ၇၀.၂၆% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၅၄,၃၇၈.၅၉၅ | -၅၄,၃၇၈.၅၉၅ | | ၄၆,၄၂၂.၂၇၀ | -၄၆,၄၂၂.၂၇၀ | | ၈၅.၃၇% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | ၂၀,၁၁၅.၈၀၀ | -၂၀,၁၁၅.၈၀၀ | | ၁၇,၆၁၄.၃၅၁ | -၁၇,၆၁၄.၃၅၁ | | ၈၃.၃၄% |
| | | ၂။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | ၃၄,၂၆၂.၇၈၅ | -၃၄,၂၆၂.၇၈၅ | | ၂၈,၈၀၇.၉၁၉ | -၂၈,၈၀၇.၉၁၉ | | ၈၆.၆၆% |
| | | စုစုပေါင်း | | ၉၂,၁၈၇.၉၈၆ | -၉၂,၁၈၇.၉၈၆ | | ၇၂,၉၉၅.၂၂၂ | -၇၂,၉၉၅.၂၂၂ | | ၇၉.၁၇% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၇,၂၄၅.၅၂၂ | ၂,၃၈၀.၇၆၁ | +၁၄,၈၆၄.၇၆၁ | ၂၉,၅၅၁.၃၀၈ | ၃,၂၇၂.၄၀၄ | +၂၆,၂၇၈.၉၀၄ | ၁၇၁.၃၆% | ၁၃၇.၄၅% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၃၃,၂၁၉.၇၇၈ | | +၃၃,၂၁၉.၇၇၈ | ၂၄,၈၂၉.၆၇၇ | | +၂၄,၈၂၉.၆၇၇ | ၇၄.၇၄% | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၇,၀၂၈.၈၀၁ | | +၇,၀၂၈.၈၀၁ | ၂,၉၀၆.၈၂၀ | | +၂,၉၀၆.၈၂၀ | ၄၁.၃၆% | |
| | | ၂။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၂၆,၁၉၀.၉၇၇ | | +၂၆,၁၉၀.၉၇၇ | ၂၁,၉၂၂.၈၅၇ | | +၂၁,၉၂၂.၈၅၇ | ၈၃.၇၀% | |
| | | စုစုပေါင်း | ၅၀,၄၆၅.၃၀၀ | ၂,၃၈၀.၇၆၁ | +၄၈,၀၈၄.၅၃၉ | ၅၄,၃၈၀.၉၈၅ | ၃,၂၇၂.၄၀၄ | +၅၁,၁၀၈.၅၈၁ | ၁၀၇.၇၆% | ၁၃၇.၄၅% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထ(၃) လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ (၃)လပတ်လျာထားချက် ကျပ် ၅၅၀,၁၀၇.၇၈၈ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၇၈,၈၈၁.၅၇၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၆၈.၈၇ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃) လပတ် လျာထားချက် ကျပ် ၆၀၈,၇၁၀.၃၆၁ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၀၇,၇၀၄.၁၉၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၉.၈၃ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် ပြင်ဆင်မှုပမာဏနည်းပါးသည့် ရေယာဉ်များသာ ပြင်ဆင်ရခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းတွင် COVID-19 ကြောင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များ လျော့နည်းခဲ့ခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလ (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) များတွင် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁၅၀) ယူနစ်အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်ပြုခဲ့ခြင်း၊ COVID-19 ကြောင့် စက်ရုံများ၏ စက်မှုသုံးဓာတ်အား သုံးစွဲမှုလျော့နည်းခဲ့၍ လျော့နည်းရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် စက်လည်ရန် လောင်စာ၊ ဓာတ်ဆီ၊ စက်ဆီနှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်တို့အတွက် ငွေပေးချေရန် စတုတ္ထ(၃)လပတ်ရောက်ရှိမှသာ ခွင့်ပြုမိန့်ရရှိခဲ့သဖြင့် ပိုမိုခြင်း။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ခရီးစရိတ်၌ COVID-19 ကြောင့် ခရီးသွားလာမှုနည်းပါးခြင်း၊ ဓာတ်ဆီ၊ စက်ဆီဈေးနှုန်းကျဆင်းခြင်း၊ ကုန်ကြမ်း

ဝယ်ယူမှုလျော့နည်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် လုပ်ငန်းများပြီးစီးမှုအလိုက် ငွေပေးချေရခြင်းနှင့် စီမံခန့်ခွဲမှုစရိတ်တွင် စာရေးကိရိယာများ၊ စာပို့ခ၊ ကြေးနန်းခများ သုံးစွဲမှုလျော့နည်းခြင်း၊ ငွေကြေးစရိတ်တွင် အတိုးစရိတ်ပေးချေရာ၌ COVID-19 ကာလအတွင်း (၁)နှစ်ဆိုင်းငံ့ကာလဖြစ်ခြင်းကြောင့် လျော့နည်းခြင်း၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် ပြင်ဆင်ရသည့်လုပ်ငန်းပမာဏ နည်းပါးသည့် အစိတ်အပိုင်းများသာ ပြင်ဆင်ရခြင်းကြောင့် ကုန်ကြမ်းဝယ်ယူခြင်းနှင့် ထုတ်လုပ်မှုစရိတ်တို့တွင် လျော့နည်းရခြင်း၊ ဓာတ်ဆီ၊ စက်ဆီများဈေးနှုန်း ကျဆင်းခြင်း၊ မြန်မာအမျိုးသားလေကြောင်းတွင် COVID-19 ကြောင့် ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များ လျော့နည်းခဲ့၍ ကုန်ကြမ်းဝယ်ယူခြင်းနှင့် ထုတ်လုပ်မှုစရိတ်တို့တွင် လျော့နည်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် အဆောက်အဦပြင်ဆင်စရိတ်များတွင် လျော့နည်းသုံးစွဲခြင်းနှင့် ပင်စင်အသုံးစရိတ်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်အသုံးစရိတ်များအား နိုင်ငံတော်မှကျခံပေးခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၉၂,၁၉၇.၉၈၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၂,၉၉၅.၂၂၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၉.၁၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA Loan Project ဖြင့် ဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်းများသည် လုပ်ငန်းပြီးစီး၍ ငွေပေးချေခဲ့ပြီးဖြစ်သော်လည်း ကန်ထရိုက် Amount လျော့နည်းပေးချေရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရာတွင် တင်ဒါဈေးနှုန်းစိစစ်ခဲ့ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေအောက်ဓာတ်အားလိုင်းများ ချမြုပ်ဆက်သွယ်ရာတွင် အချို့လုပ်ငန်းများအား စက်ထိုးခြင်းဖြင့် ဆောင်ရွက်ခဲ့သောကြောင့် စည်ပင်လျော်ကြေးပေးချေရမှု လျော့နည်းခဲ့ခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၅၀,၄၆၅.၃၀၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၄,၃၈၀.၉၈၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၇.၇၆ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၂,၃၈၀.၇၆၁ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၂၇၂.၄၀၄ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၇.၄၅ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းတွင် COVID-19 ကြောင့် ဝင်ငွေလျော့နည်းကျဆင်းခဲ့သဖြင့် လေယာဉ်ငှားရမ်းခ၊ Maintenance Reverse နှင့် အရင်းအတိုးများ ပြန်လည်ပေးဆပ်နိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူခဲ့ခြင်းကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် JICA ODA (MY-P10) ချေးငွေဖြင့် ဆောင်ရွက်သည့် ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုတိုးတက်ကောင်းမွန်ရေး စီမံကိန်းအဆင့်(၁) အကြံပေးဝန်ဆောင်မှုလုပ်ငန်းအတွက် COVID-19 ကာလအတွင်း International Consultant များ၏ လစာငွေများတောင်းခံမှုမရှိခြင်း၊ Local Consultant များ၏ ငွေတောင်းခံလွှာများကို စိစစ်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် ပစ္စည်းဖိုးငွေတောင်းခံလွှာများအပေါ် စိစစ်ဆဲဖြစ်ခြင်းနှင့် Urban Area Power Distribution Improvement Project JICA ODA (MY-P29) ချေးငွေဖြင့် ဆောင်ရွက်သည့် မြို့ပြဒေသဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်ရေးစီမံကိန်းအတွက် Consultant စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းသည် စတုတ္ထ(၃)လပတ်တွင် မြန်မာ့စီးပွားရေး

ဘဏ်မှ ချေးငွေရရှိခဲ့ပြီး ATR-72 600 လေယာဉ် (၆)စီးအတွက် (Dubai Aerospace Enterprise) ကုမ္ပဏီသို့ ပြေီလမှသြဂုတ်လအထိ ပေးချေရန် အရင်းများ ပေးဆပ်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုခြင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၈၅.၁၄၇ | ၃၈၁.၁၉၂ | +၃.၉၅၅ | ၂၅၁.၁၉၂ | ၃၁၇.၆၀၆ | -၆၆.၄၁၄ | ၆၅.၂၂% | ၈၃.၃၂% |
| | စုစုပေါင်း | ၃၈၅.၁၄၇ | ၃၈၁.၁၉၂ | +၃.၉၅၅ | ၂၅၁.၁၉၂ | ၃၁၇.၆၀၆ | -၆၆.၄၁၄ | ၆၅.၂၂% | ၈၃.၃၂% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၈၅.၁၄၇ | ၃၈၁.၁၉၂ | +၃.၉၅၅ | ၂၅၁.၁၉၂ | ၃၁၇.၆၀၆ | -၆၆.၄၁၄ | ၆၅.၂၂% | ၈၃.၃၂% |
| | စုစုပေါင်း | ၃၈၅.၁၄၇ | ၃၈၁.၁၉၂ | +၃.၉၅၅ | ၂၅၁.၁၉၂ | ၃၁၇.၆၀၆ | -၆၆.၄၁၄ | ၆၅.၂၂% | ၈၃.၃၂% |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏
## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၃၈၅.၁၄၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၅၁.၁၉၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၆၅.၂၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာတားချက် ကျပ် ၃၈၁.၁၉၂ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၁၇.၆၀၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၃.၃၂ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** တပ်နယ်များ၏ နယ်နိမိတ်အတွင်းနှင့် တပ်နယ်ဈေးများအတွင်း အမှိုက်သိမ်းဆည်းခ၊ ဆိုင်ခွန်၊ ဆိုင်ခ၊ ပစ္စည်းခွန်၊ လိုင်စင်ခ၊ ဈေးကောက်ခ၊ ဒဏ်ငွေများ လျော့နည်းရရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** အမှုထမ်းများအား ခန့်အပ်နိုင်မှုမရှိခြင်း၊ ရုံးအမှုထမ်းများ ရုံးကိစ္စဖြင့် ယာယီတာဝန်ခရီးသွားလာမှုနည်းပါးခြင်း၊ အမှိုက်သိမ်းယာဉ်များ ယာဉ်သွားလာမှုအကြိမ်ရေနည်းပါးခြင်း၊ အုပ်ချုပ်မှုယာဉ်များ သုံးစွဲမှုနည်းပါးခြင်းကြောင့် စက်သုံးဆီသုံးစွဲမှုလျော့နည်းခြင်း၊ ဈေး၊ ရုံးနှင့် သားသတ်ရုံအဆောက်အဦများနှင့် စစ်သချိုင်း၊ မီးသင်္ဂြိုလ်စက်များ ပြုပြင်မှုနည်းပါးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၇၈.၉၂၈ | ၃၅,၆၁၁.၉၃၅ | -၃၅,၅၃၃.၀၀၇ | ၁,၈၀၆.၃၆၈ | ၅၀,၉၅၆.၁၇၈ | -၄၉,၁၄၉.၈၁၀ | ၂,၂၈၈.၆၃% | ၁၄၃.၀၉% |
| | စုစုပေါင်း | ၇၈.၉၂၈ | ၃၅,၆၁၁.၉၃၅ | -၃၅,၅၃၃.၀၀၇ | ၁,၈၀၆.၃၆၈ | ၅၀,၉၅၆.၁၇၈ | -၄၉,၁၄၉.၈၁၀ | ၂,၂၈၈.၆၃% | ၁၄၃.၀၉% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၇၈.၉၂၈ | ၁၃၆.၁၆၇ | -၅၇.၂၃၉ | ၁,၈၀၆.၃၆၈ | ၁၈၅.၁၉၂ | +၁,၆၂၁.၁၇၆ | ၂,၂၈၈.၆၃% | ၁၃၆.၀၀% |
| | စုစုပေါင်း | ၇၈.၉၂၈ | ၁၃၆.၁၆၇ | -၅၇.၂၃၉ | ၁,၈၀၆.၃၆၈ | ၁၈၅.၁၉၂ | +၁,၆၂၁.၁၇၆ | ၂,၂၈၈.၆၃% | ၁၃၆.၀၀% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၃၅,၄၇၅.၇၆၈ | -၃၅,၄၇၅.၇၆၈ | | ၅၀,၇၇၀.၉၈၆ | -၅၀,၇၇၀.၉၈၆ | | ၁၄၃.၁၁% |
| | စုစုပေါင်း | | ၃၅,၄၇၅.၇၆၈ | -၃၅,၄၇၅.၇၆၈ | | ၅၀,၇၇၀.၉၈၆ | -၅၀,၇၇၀.၉၈၆ | | ၁၄၃.၁၁% |

## နေပြည်တော်ကောင်စီ၏
## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၇၈.၉၂၈ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၈၀၆.၃၆၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂,၂၈၈.၆၃ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၁၃၆.၁၆၇ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈၅.၁၉၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၆.၀၀ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ကောက်ခံရန်ကျန်ရှိသော ရေခွန်ကြွေးကျန်များအား စတုတ္ထ(၃)လပတ်အတွင်း အပြီးကောက်ခံရရှိခြင်း၊ လယ်ယာမြေဥပဒေအရ ဒဏ်ကြေးများရရှိခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများမှ နောက်ကျဒဏ်ကြေးများရရှိခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လျှပ်စစ်ဓာတ်အားခများကျခံခြင်း၊ ကောင်စီဝင်များ၏ အိမ်ရာများပြင်ဆင်ထိန်းသိမ်းခြင်း၊ COVID-19 နှင့်ပတ်သက်သည့် အလှူဒါနများအတွက် သုံးစွဲရခြင်းနှင့် အချိန်ပိုဆင်းဝန်ထမ်းများအား ကျွေးမွေးရခြင်းတို့ကြောင့် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၃၅,၄၇၅.၇၆၈ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၀,၇၇၀.၉၈၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၄၃.၁၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဆောက်အဦလုပ်ငန်း (၁၀၀) ရာခိုင်နှုန်း ပြီးစီးသည့် လုပ်ငန်းများအား ငွေထုတ်ပေးချေရခြင်းကြောင့် ပိုမိုရခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၆၆,၄၃၇.၅၅၉ | ၄၇၁,၅၆၆.၇၂၃ | -၁၀၅,၁၂၉.၁၆၄ | ၂၉၁,၀၈၈.၉၉၅ | ၄၆၀,၁၂၁.၆၄၈ | -၁၆၉,၀၃၂.၆၅၃ | ၇၉.၄၄% | ၉၇.၅၇% |
| | စုစုပေါင်း | ၃၆၆,၄၃၇.၅၅၉ | ၄၇၁,၅၆၆.၇၂၃ | -၁၀၅,၁၂၉.၁၆၄ | ၂၉၁,၀၈၈.၉၉၅ | ၄၆၀,၁၂၁.၆၄၈ | -၁၆၉,၀၃၂.၆၅၃ | ၇၉.၄၄% | ၉၇.၅၇% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၁၂,၆၅၇.၂၉၀ | ၄၁၇,၄၅၄.၇၉၁ | -၁၀၄,၇၉၇.၅၀၁ | ၂၆၆,၇၆၂.၇၇၁ | ၄၃၅,၅၅၈.၂၂၈ | -၁၆၈,၇၉၅.၄၅၇ | ၈၅.၃၂% | ၁၀၄.၃၄% |
| | စုစုပေါင်း | ၃၁၂,၆၅၇.၂၉၀ | ၄၁၇,၄၅၄.၇၉၁ | -၁၀၄,၇၉၇.၅၀၁ | ၂၆၆,၇၆၂.၇၇၁ | ၄၃၅,၅၅၈.၂၂၈ | -၁၆၈,၇၉၅.၄၅၇ | ၈၅.၃၂% | ၁၀၄.၃၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဆိပ်ကမ်းအာဏာပိုင်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဆိပ်ကမ်းအာဏာပိုင် | ၄၅,၀၈၀.၄၁၀ | ၅၄,၁၁၁.၉၃၂ | -၉,၀၃၁.၅၂၂ | ၁၃,၂၀၇.၆၃၀ | ၂၄,၅၆၃.၄၂၀ | -၁၁,၃၅၅.၇၉၀ | ၂၉.၃၀% | ၄၅.၃၉% |
| | စုစုပေါင်း | ၄၅,၀၈၀.၄၁၀ | ၅၄,၁၁၁.၉၃၂ | -၉,၀၃၁.၅၂၂ | ၁၃,၂၀၇.၆၃၀ | ၂၄,၅၆၃.၄၂၀ | -၁၁,၃၅၅.၇၉၀ | ၂၉.၃၀% | ၄၅.၃၉% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၈,၆၉၉.၈၅၉ | | +၈,၆၉၉.၈၅၉ | ၁၁,၁၁၈.၅၉၄ | | +၁၁,၁၁၈.၅၉၄ | ၁၂၇.၈၀% | |
| | စုစုပေါင်း | ၈,၆၉၉.၈၅၉ | | +၈,၆၉၉.၈၅၉ | ၁၁,၁၁၈.၅၉၄ | | +၁၁,၁၁၈.၅၉၄ | ၁၂၇.၈၀% | |

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
# ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထ(၃) လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) သာမန်ရငွေ၊သုံးငွေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ(၃) လပတ်လျာထားချက် ကျပ် ၃၁၂,၆၅၇.၂၉၀ သန်းဖြစ်ပြီး အကောင်အထည် ဖော်နိုင်မှု ကျပ် ၂၆၆,၇၆၂.၇၇၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၅.၃၂ ဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၄၁၇,၄၅၄.၇၉၁ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၃၅,၅၅၈.၂၂၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၄.၃၄ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) သာမန်ရငွေလျော့နည်းရရှိမှု။ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေနှင့် ချေးငွေစိုက်ထုတ်ပေးသည့်စနစ်ဖြင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေအပေါ်မှ အတိုးရငွေများ လျာထားချက်ထက် လျော့နည်းရရှိခြင်း။

(၂) သာမန်သုံးငွေပိုမိုသုံးစွဲမှု။ လုပ်ငန်းဆောင်ရွက်မှုစရိတ်တွင် ငွေစက္ကူ ရိုက်နှိပ်ခ၊ ငွေဒင်္ဂါးသွန်းခ၊ ငွေကြေးလုပ်ငန်းသုံးပစ္စည်းများနှင့် ပြင်ဆင်ထိန်းသိမ်း စရိတ်များအတွက် စတုတ္ထ(၃)လပတ်ရောက်ရှိမှသာ ပေးချေခဲ့ခြင်းတို့ကြောင့် ပိုမိုခြင်း။

(ခ) ငွေလုံးငွေရင်းရငွေ၊သုံးငွေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလုံးငွေရင်း ရငွေပိုင်းတွင် စတုတ္ထ(၃) လပတ်လျာထားချက် ကျပ် ၄၅,၀၈၀.၄၁၀ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၃,၂၀၇.၆၃၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၉.၃၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃) လပတ်လျာထားချက် ကျပ် ၅၄,၁၁၁.၉၃၂ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၄,၅၆၃.၄၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၅.၃၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။ ဂျပန်နိုင်ငံ အစိုးရအထောက်အပံ့ JICA Grant Aid Project ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအတွက် ပစ္စည်း များရောက်ရှိမှုအပေါ်မူတည်၍ ငွေပေးချေရခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်သည့် FSDP Project အတွက် Training Center Refurbishment လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် စက်ပစ္စည်းနှင့် ပရိဘောဂများ ဝယ်ယူနိုင်မှုမရှိခြင်း၊ ရုံး(၅၅)အနီး ရုံးနှင့် အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ရန်ရရှိသော မြေနေရာအတွက် မြေငှားစာချုပ်ဖိုး မပေးသွင်းရသေးခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြွေးမြီရငွေပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၈,၆၉၉.၈၅၉ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁,၁၁၈.၅၉၄ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၇.၈၀ ဖြစ်ပါသည်။ ကြွေးမြီရငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (FSDP) အတွက် တည်ဆောက်ရေးလုပ်ငန်းများနှင့် အခြားရုံးသုံးပစ္စည်းများအတွက် စတုတ္ထ(၃)လပတ်ရောက်ရှိမှသာ ငွေပေးချေခဲ့ခြင်းကြောင့် ပိုမိုရရှိခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေသုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၅,၀၉၄.၆၃၆ | ၂၈,၄၁၂.၉၁၄ | -၁၃,၃၁၈.၂၇၈ | ၁၀,၀၆၃.၆၈၆ | ၂၆,၅၈၁.၆၅၃ | -၁၆,၅၁၇.၉၆၇ | ၆၆.၆၇% | ၉၃.၅၅% |
| | စုစုပေါင်း | ၁၅,၀၉၄.၆၃၆ | ၂၈,၄၁၂.၉၁၄ | -၁၃,၃၁၈.၂၇၈ | ၁၀,၀၆၃.၆၈၆ | ၂၆,၅၈၁.၆၅၃ | -၁၆,၅၁၇.၉၆၇ | ၆၆.၆၇% | ၉၃.၅၅% |

### ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

### နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

### (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၅,၀၈၁.၄၄၄ | ၂၆,၀၈၂.၈၆၇ | -၁၁,၀၀၁.၄၂၃ | ၁၀,၀၂၉.၀၇၃ | ၂၃,၇၀၁.၃၈၈ | -၁၃,၆၇၂.၃၁၅ | ၆၆.၅၀% | ၉၀.၈၇% |
| | စုစုပေါင်း | ၁၅,၀၈၁.၄၄၄ | ၂၆,၀၈၂.၈၆၇ | -၁၁,၀၀၁.၄၂၃ | ၁၀,၀၂၉.၀၇၃ | ၂၃,၇၀၁.၃၈၈ | -၁၃,၆၇၂.၃၁၅ | ၆၆.၅၀% | ၉၀.၈၇% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ စတုတ္ထ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | စတုတ္ထ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၃.၁၉၂ | ၂,၃၃၀.၀၄၇ | -၂,၃၁၆.၈၅၅ | ၃၄.၆၁၃ | ၂,၈၈၀.၂၆၅ | -၂,၈၄၅.၆၅၂ | ၂၆၂.၃၈% | ၁၂၃.၆၁% |
| | စုစုပေါင်း | ၁၃.၁၉၂ | ၂,၃၃၀.၀၄၇ | -၂,၃၁၆.၈၅၅ | ၃၄.၆၁၃ | ၂,၈၈၀.၂၆၅ | -၂,၈၄၅.၆၅၂ | ၂၆၂.၃၈% | ၁၂၃.၆၁% |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏
## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊ သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၁၅,၀၈၁.၄၄၄ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀,၀၂၉.၀၇၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၆၆.၅၀ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၂၆,၀၈၂.၈၆၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၃,၇၀၁.၃၈၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၀.၈၇ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** COVID-19 ကာလအတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံရငွေ၊ MICC-2 ခန်းမငှားရမ်းခနှင့် အချို့အခွင့်အရေးလိုင်စင်များအတွက် လေလံကြေးရငွေများ လျော့နည်းရရှိခြင်းနှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေမှ တင်ဒါပိုငွေ၊ လုပ်ငန်းပြီးစီးမှု စစ်ဆေးချက်အရ ပိုငွေနှင့် လယ်ယာမြေနှင့် သီးနှံလျော်ကြေးတို့မှ ပိုငွေများအား မူလငွေထုတ်စာရင်းသို့ ပြန်လည်အပ်နှံပေးသွင်းခဲ့ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းခွင့်လစာများ စိစစ်ဖြတ်တောက်ခြင်း၊ ပြည်တွင်း/ပြည်ပသင်တန်းသွားရောက်ရမှု လျော့နည်းခြင်း၊ စက်သုံးဆီဈေးနှုန်းကျဆင်းခြင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုဆိုင်ရာသင်တန်းနှင့် ICT သင်တန်းများဖွင့်လှစ်နိုင်မှုမရှိခြင်းနှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေမှတင်ဒါပိုငွေ၊ လုပ်ငန်းပြီးစီးမှု စစ်ဆေးချက်အရ ပိုငွေနှင့် လယ်ယာမြေနှင့်သီးနှံလျော်ကြေးတို့မှ ပိုငွေများအား မူလငွေထုတ်စာရင်းသို့ ပြန်လည်အပ်နှံ ပေးသွင်းခဲ့ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် စတုတ္ထ(၃)လပတ်လျာထားချက် ကျပ် ၁၃.၁၈၂ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၄.၆၁၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၆၂.၃၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် စတုတ္ထ(၃)လပတ် လျာထားချက် ကျပ် ၂,၃၃၀.၀၄၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၈၈၀.၂၆၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၃.၆၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူထားသော ရေမီတာရောင်းချရငွေများ ပိုမိုရရှိခြင်းကြောင့် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** လုပ်ငန်းသုံးယာဉ်များနှင့် အမှိုက်ကန်များမှာ ဒုတိယ(၃)လပတ်အတွင်းဝယ်ယူရန်လျာထားခဲ့သော်လည်း စတုတ္ထ(၃)လပတ်အတွင်းမှသာ ပစ္စည်းရောက်ရှိငွေပေးချေရခြင်းကြောင့် ပိုမိုရခြင်း။

၁။ ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းအားလုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် ရငွေ၊ သုံးငွေများအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၉၁.၇၄ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၆၅.၁၉ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၉၀.၀၆ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှု ၉၀.၈၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ ရငွေပိုင်းတွင် သာမန်ရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး ငွေလုံးငွေရင်း ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၁၂၁.၄၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၁၃.၇၃ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁,၁၀၂.၅၆ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၁၂၄.၂၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ အသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် ပိုမိုသုံးစွဲထားကြောင်းတွေ့ရှိရပါသည်။

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည် ဖော်ဆောင်ရွက်မှုတွင် ရငွေပိုင်းတွင် သာမန်ရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော်လည်း ငွေလုံးငွေရင်းရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန်လိုအပ်ရခြင်းမှာ COVID-19 ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်၍ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား အချိန်မီဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် အဆိုပါလုပ်ငန်းများနှင့် ဆက်နွယ်သော ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်းကြောင့် ဖြစ်ပါသည်။

၃။ သုံးငွေပိုင်းတွင် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်းမှာ COVID-19 ကာလအတွင်း COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် (CERP) တွင် ပါဝင်သော Action Plan အရ ဆောင်ရွက် လျက်ရှိသော အရေးပေါ်ရိက္ခာ ဆန်ဝယ်ယူခြင်းတွင် မဖြစ်မနေသုံးစွဲရမည့် ဆန်အရည်အသွေး စစ်ဆေးခများ၊ ဆန်များ ပျက်စီးမှု မရှိစေရေး ပိုင်ပုံပြုပြင်ခြင်းနှင့် ပိုးသတ်ခြင်းများအတွက် လုပ်သားခများ၊ ဆန်ပိုင်ပုံများကို ထိခိုက် ပျက်စီးခြင်းမှ ကာကွယ်ရန် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း၊ ယာယီ ပိတ်သိမ်းခဲ့သော စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများမှ အာမခံအလုပ်သမား များအား ၄၀% လူမှုဖူလုံရေး ထောက်ပံ့ကူညီခြင်းနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီများ သို့ ထောက်ပံ့ခြင်း၊ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ အား ထောက်ပံ့ခြင်း အသုံးစရိတ်များကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ဝန်ကြီးဌာနများက အပ်နှံထားသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတွင် ထိန်းသိမ်း ထားရှိသည့် "အထွေထွေပိုလျှံရန်ပုံငွေ"(GRF)မှ ကျခံသုံးစွဲခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (ဇူလိုင်လမှ စက်တင်ဘာလအထိ) နှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (ဇူလိုင်မှစက်တင်ဘာလအထိ) ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်-

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်(ဇူလိုင်လမှ စက်တင်ဘာလအထိ) နှင့်**
**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (ဇူလိုင်လမှ စက်တင်ဘာလအထိ) ရငွေ၊သုံးငွေများအပေါ်**
**အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား**

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ဇူလိုင်လမှ စက်တင်ဘာလအထိ) အကောင်အထည်ဖော်နိုင်မှု | ၂၀၁၉-၂၀၂၀ (ဇူလိုင်လမှ စက်တင်ဘာလအထိ) အကောင်အထည်ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ(+) လျော့နည်း ရရှိ/သုံးစွဲ(-) |
|---|---|---|---|---|
| (က) | **ရငွေ** | **၆,၃၈၂,၈၀၈.၁၁၇** | **၈,၇၈၄,၃၄၆.၆၃၆** | **(+)၂,၄၀၁,၅၃၈.၅၁၉** |
| | သာမန် | ၅,၇၈၅,၇၂၂.၅၃၂ | ၇,၇၁၀,၈၆၉.၅၈၆ | (+)၁,၉၂၅,၁၄၇.၀၅၄ |
| | ငွေလုံးငွေရင်း | ၉၅,၆၈၇.၅၀၆ | ၁၆၂,၈၇၇.၈၃၁ | (+)၆၇,၁၉၀.၃၂၅ |
| | ကြေးမြီ | ၅၀၁,၃၉၈.၀၇၉ | ၉၁၀,၅၉၉.၂၁၉ | (+)၄၀၉,၂၀၁.၁၄၀ |
| (ခ) | **သုံးငွေ** | **၈,၁၅၁,၉၄၃.၂၄၇** | **၁၃,၀၅၂,၉၁၅.၅၁၇** | **(+)၄,၉၀၀,၉၇၂.၂၇၀** |
| | သာမန် | ၅,၂၈၁,၉၄၈.၂၂၂ | ၈,၉၈၈,၃၈၄.၅၁၆ | (+)၃,၇၀၆,၄၃၆.၂၉၄ |
| | ငွေလုံးငွေရင်း | ၂,၅၃၇,၅၄၁.၇၈၁ | ၃,၄၇၁,၃၂၀.၉၈၅ | (+)၉၃၃,၇၇၉.၂၀၄ |
| | ကြေးမြီ | ၃၃၂,၄၅၃.၂၄၄ | ၅၉၃,၂၁၀.၀၁၆ | (+)၂၆၀,၇၅၆.၇၇၂ |
| (ဂ) | **ပိုငွေ(+)/လိုငွေ(-)** | **(-)၁,၇၆၉,၁၃၅.၁၃၀** | **(-)၄,၂၆၈,၅၆၈.၈၈၁** | **(-)၂,၄၉၉,၄၃၃.၇၅၁** |

၅။ အထက်ပါဇယားအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (ဇူလိုင်လမှ စက်တင်ဘာလအထိ) ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (ဇူလိုင်လမှ စက်တင်ဘာလ အထိ) ယာယီအမှန်စာရင်း စုစုပေါင်းရငွေသည် ကျပ် ၂,၄၀၁,၅၃၈.၅၁၉ သန်း ပိုမို ရရှိကြောင်း တွေ့ရှိရပါသည်။

၆။ စုစုပေါင်းသုံးငွေတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (ဇူလိုင်လမှ စက်တင်ဘာလအထိ) ယာယီ အမှန်စာရင်း စုစုပေါင်းသုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (ဇူလိုင်လမှ စက်တင်ဘာလအထိ) ယာယီအမှန် စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၄,၉၀၀,၉၇၂.၂၇၀ သန်း ပိုမိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။